ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ တနင်္ဂနွေနေ့၊ (23-11-2003)(၄၀၆၃)

တပေါ် ၈
တော် မင်္ဂလာ မူတ္တမံ။

ရွှေခြစ်စွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့ရှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။

သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဖြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဖြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီ အစည်းအဝေး အမှတ်စဉ်(၆/၂၀၀၃)သို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ပြည်ပ အတွေ့အကြုံများ၊ နည်းပညာနှင့် အတတ်ပညာများကို လေ့လာဆည်းပူးရယူ ဖြို့တော် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက် သတ်မှတ်ထားသည့် အချိန်အတွင်း စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးရေး အလေးထား

ရန်ကုန် နိဝင်ဘာ ၂၂

ဖြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၆/၂၀၀၃)ကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်ဖြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်ဖြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဖြို့တော်ဝန်၊ ဒုတိယရေနေချုပ်၊ ဖြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ရန်ကုန်ဖြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီသည် ရန်ကုန်ဖြို့တော်ကြီးကို နိုင်ငံတကာဖြို့တော်ကြီးများကဲ့သို့ ဖြို့တော်အင်္ဂါရုပ်များနှင့် ညီညွတ်မှုရှိစေရေးအတွက် လမ်းများ၊ တို့ချဲ့မွမ်းခြင်း၊ အပန်းဖြေပန်းဥယျာဉ်များ၊ အဆင့်မြင့်တင် မွမ်းမံတည်ဆောက်ခြင်းနှင့်အတူ အိမ်ရာစီမံကိန်းလုပ်ငန်းများ တစ်ပြေးညီ ဖြစ်ထွန်းလာစေရေး စီမံကြံကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရန်ကုန်ဖြို့တော်အတွင်း ခေတ်မီအထပ်မြင့် အိမ်ရာစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အထပ်မြင့်အဆောက်အအုံများ၊ ခိုင်ခံမှုရှိရေး၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စနစ်တကျဖြစ်ရေး၊ စံချိန်စံညွှန်းများ၊ ကိုက်ညီမှုရှိစေရေးတို့အတွက် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ကို ဖွဲ့စည်းပေးထားပြီး အဖွဲ့အစေခံဖြင့်လည်း အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်ခံစုံသပ်ရပ်အောင်ဆောင်ရွက်

ထိုပြင် မိမိတို့အနေဖြင့် အထပ်မြင့်အဆောက်အအုံ စီမံကိန်းများကို ယခုမှစတင် တည်ဆောက်ကြခြင်းဖြစ်၍ တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့်တွင် ခိုင်ခံမှုရှိရေး၊ ဖြို့တော်၏ခံညာတင်ကယ်မှုကို အထောက်အကူ ဖြစ်ရေးတို့အတွက် ပြည်ပအတွေ့အကြုံများ၊ နည်းပညာနှင့် အတတ်ပညာများကိုပါ လေ့လာဆည်းပူးရယူပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဖြို့တော်အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ဟန်ချက်ညီညီဖြစ်အောင် ခေတ်မီအဆင့်မြင့် အဆောက်အအုံများ၏ အင်ဂျင်နီယာအညီ ပြည်စုံသပ်ရပ်အောင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် ဆောင်ရေ ၁၉၇၂၇၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း၊ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဧင်ညွှန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်ဦးဆောထင်၊ ဦးလွယ်မောင်းနှင့်အဖွဲ့အား ရန်ကုန်ဖြို့ ကုန်းမြင့်သာရှိ ဧရာဂါသိမ်ဖိမောန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တိုင်းရင်းသားခေါင်းဆောင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် နိဝင်ဘာ ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်ဖြို့ ကုန်းမြင့်သာရှိ ဧရာဂါသိမ်ဖိမောန်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးဆောထင်၊ ဦးလွယ်မောင်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

ထို့ဆုံပွဲတွင် ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

အရိုးကျိုးပေါင်းရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိဝင်ဘာ ၂၂

ဆရာမြင့်(စကြာမင်း) တိုင်းရင်းဆေးပညာ လေးဘာသာရေးသားပြုစုသည့် "အရိုးကျိုးပေါင်းရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ" စာအုပ်ကို ထုတ်ဆဖြန့်ချိထားသည်။**(အောက်ပုံ)**

ယင်းစာအုပ်တွင် အရိုးကျိုးပေါင်းရောဂါကို တစေ့တစောင်းလေ့လာနိုင်သည့်အပြင် ယင်းရောဂါကို မဖြစ်စေကာကာကွယ်နိုင်သော ကာကွယ်နည်းများ၊ ဖြစ်ပေါ်ခဲ့ကပ်ခဲ့လျှင်လည်း မိမိတို့ဘာသာပြုစုကုသနိုင်သော ကုထုံးဆေးဝါးများကို လေ့လာနိုင်ရန် ရေးသားထားပြီး ရန်အောင်စာဆေးက ထုတ်ဝေ၍ တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်သည်။

(က-ပ)

ကမ္ဘာ့ဖလားဘိလိယက်ပြိုင်ပွဲ ကျော်ဦးနှင့် အောင်ဆန်းဦး ကွာတားဖိုင်နယ်တက်

ရန်ကုန် နိဝင်ဘာ ၂၂

နိဝင်ဘာ ၁၇ရက်မှ စတင်၍ အိန္ဒိယနိုင်ငံဟိုက်ဒရာဘတ်မြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလား ဘိလိယက်ပြိုင်ပွဲတွင် ကျော်ဦးနှင့်အောင်ဆန်းဦးတို့ ပါဝင်ကြသည့် မြန်မာ့လက်ရွေးစင် ဘိလိယက်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်သွားသည်။

ပွဲပြတ်နိုင်

ပြိုင်ပွဲတွင်မြန်မာနိုင်ငံမှ ကျော်ဦးသည် မော်လ်တာမှ Alexorg အား သုံးပွဲပြတ်ပြင့်လည်းကောင်း၊ ဩစတြေးလျမှ Bolton အား သုံးပွဲ-တစ်ပွဲပြင့်လည်းကောင်း၊ ကိုရီးယား သမ္မတနိုင်ငံမှ Hone Cho Ho အား သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောင်အာဖရိကမှ P. Francisco အား သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး အိမ်ရှင် အိန္ဒိယမှ Geet Hi အား အကြိတ်အနယ်ကစားကာနှစ်ပွဲ-သုံးပွဲဖြင့်ရှုံးနိမ့်၍ အုပ်စုနှုတ်ယုတ်ယရှိပြီး အကြိုကွာတားဖိုင်နယ်သို့ တက်လှမ်းခဲ့သည်။

ကမ္ဘာ့ချန်ပီယံကိုနိုင်

အကြိုကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ကျော်ဦးသည် အိမ်ရှင်အိန္ဒိယနိုင်ငံမှ လက်ရှိ စနစ်ကာ ကမ္ဘာ့ချန်ပီယံ Advaniအား လေးပွဲ-သုံးပွဲဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့တက်သွားသည်။ မြန်မာနိုင်ငံမှ အောင်ဆန်းဦးသည် အင်္ဂလန်မှ Williamsom အား သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဩစတြေးလျမှ Joe Minici အား သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စင်ကာပူမှ Yeo Shen Glenn အား သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အိုင်ယာလန်မှ J. Moore အား သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အိမ်ရှင် အိန္ဒိယမှ S. Parikh အား သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အုပ်စုဗိုလ်ဖြင့်အကြိုကွာတားဖိုင်နယ်သို့ တက်ခဲ့သည်။

အိမ်ရှင်ကိုအနိုင်ရ

အကြိုကွာတားဖိုင်နယ်ပြိုင်ပွဲတွင် အောင်ဆန်းဦးနှင့် အိမ်ရှင် အိန္ဒိယမှ Thakkar တို့ ယှဉ်ပြိုင်ကစားကြရာ အောင်ဆန်းဦးက လေးပွဲ-သုံးပွဲဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်သည်။

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀မှ အားကစားသမား ၄၈ဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ရှစ်ဦးပါဝင်ယှဉ်ပြိုင်မည်

ကွာတားဖိုင်နယ်တွင် မြန်မာနိုင်ငံမှ ကျော်ဦးနှင့် အောင်ဆန်းဦး၊ အင်္ဂလန်မှ နှစ်ဦး၊ အိမ်ရှင်အိန္ဒိယမှ နှစ်ဦး၊ ထိုင်းမှ တစ်ဦးနှင့် ဩစတြေးလျမှ တစ်ဦး စုစုပေါင်းရှစ်ဦး ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

အခြေခံရလဒ်ကောင်းများကို ထိန်းသိမ်းမြှင့်တင်မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးပူးပေါင်းပါဝင်

၂၃-၁၁-၂၀၀၃ (တနင်္ဂနွေနေ့)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ရပ်ချမှတ်ကာ အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးသည် တစ်မျိုးသား လုံး၏ ပန်းတိုင်ပင်ဖြစ်သည်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် တည်ဆောက်ရာတွင် စည်းလုံးညီညွတ်ရေးနှင့် အေးချမ်းတည်ငြိမ်မှုသည် အဓိကအရင်းအနှီး ဖြစ်သည်။ ထိုကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည့်အလျောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအစီအမံများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ပေးခဲ့သည်။

ထို့အတူ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ မည်သည့်ဒေသမှ ကြွင်းကျန်ခြင်းမရှိရေး ခံယူချက်ဖြင့် ကျင်သုံးဆောင်ရွက်ခဲ့သည်။ ထိုကြောင့် ပြည်နယ်နှင့်တိုင်းအား လုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး ကဏ္ဍစုံခဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အတွင်း လူအများစုကြီးနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ၊ လူ့စွမ်းအား အရင်းအမြစ်များ စသည် ဘက်စုံ၊ ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထိုကြောင့်လည်း ယနေ့အချိန်အခါတွင် နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်း ပေါ်ပေါက်နေခြင်း ဖြစ်သည်။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိဝင်ဘာလ ၂၁ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)တွင် ဩဝါဒစကာ ဖြွင့်ကြာရာ၌ ဖွံ့ဖြိုးရေးတို့ တက်မှုနှင့် စပ်လျဉ်း၍-

ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိမ္မာယ်ထဲမှာ တရား၊ဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှုအပါအဝင် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားတွေ ပါဝင်တယ်။ အဲဒီလို အခြေခံကောင်းတွေရရှိအောင် အရှိန်အဟုန်နဲ့ တည်ဆောက်နေခြင်းဟာ အနာဂတ်နိုင်ငံတော်အတွက် အခြေခံအုတ်မြစ် တည်ဆောက်နေခြင်းဖြစ်တယ်။ ခိုင်မာတဲ့ အခြေခံအုတ်မြစ်အပေါ်မှာ အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမှာဖြစ်တယ် ဟူ၍ ပြောကြား သွားသည်။

ယနေ့အချိန်အခါတွင် အနာဂတ်နိုင်ငံတော် ရေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ပြည်နယ်နှင့်တိုင်းအနှံ့ တိုင်းရင်းသားပြည်သူအား လုံးက ထောက်ခံအတည်ပြုကြပြီး မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် တစ်ခဲနက် ဆုံဖြတ်ခဲ့ကြပြီး ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းပြီးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံရလဒ်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော် ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အား တိုက် ပူးပေါင်းပါဝင်ကြရန် ကြေးမုံတိုက်တွန်းပါသည်။ ။

မြတိန်သို့ ရောက်ရှိနေသော အမေရိကန်သမ္မတဘုရှ်အား ကန့်ကွက်ဆန္ဒပြ ဆန္ဒပြသမား ၁၀၀၀၀၀ ခန့်က လန်ဒန်မြို့တွင် စုဝေးချီတက်

လန်ဒန် နိုဝင်ဘာ ၂၁

မြတိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်သမ္မတ ဂျော့ရှ်ဒဗလျူဘုရှ်အား ကန့်ကွက်သည့် ဆန္ဒပြပွဲကို ကြာသပတေးနေ့က ကျင်းပရာတွင် ဆန္ဒပြသမား ၁၀၀၀၀၀ ခန့်က မြို့ထောက်လန်ခန်းကို ဖြတ်သန်းကာ စုဝေးချီတက်ခဲ့ကြသည်။ ဆန္ဒပြသမားများသည် သမ္မတဘုရှ်၏ ပုံတူအရုပ်ကြီးတစ်ရုပ်ကို ဆုတ်ဖြဲခြင်းဖြင့်လည်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

လှောင်ပြောင်ဆန္ဒပြ

ဆန္ဒပြသမားများသည် ဝုံများကို တီးခတ်ပြီး ခရာများမှုတ်ကာ သုံးမိုင်ခရီးရှိ လမ်းတစ်လျှောက် စုဝေးချီတက်ကာ ဆန္ဒပြကြသည်။ ဆန္ဒပြသမားများသည် ပါလီမန် အဆောက်အအုံကို ဖြတ်သန်းချီတက်ခဲ့ကြပြီး ဝန်ကြီးချုပ်ရုံးတည်ရှိရာ ဒေါင်းနင်းလမ်းအရောက်တွင် ဝန်ကြီးချုပ် တိုနီဘလဲအား လှောင်ပြောင်ကာ ဆန္ဒပြကြသည်။

ဆန္ဒပြသမားများသည် သမ္မတ ဘုရှ်၏ ရုပ်ပုံကို ဖော်ကျူးသော ပေ ၂၀ အမြင့်ရှိ အရုပ်ကြီးတစ်ရုပ်နှင့် ဝန်ကြီးချုပ် တိုနီဘလဲ၏ ရုပ်ပုံကို ဖော်ကျူးသော အရုပ်ငယ်လေးတစ်ရုပ်တို့ကို လည်း ဖရာဖယ်လ်ဂါရင်ပြင်သို့ သယ်ယူလာခဲ့ကြသည်။ ဝန်ကြီးချုပ် တိုနီဘလဲကို သမ္မတဘုရှ်၏ ရုပ်ဆေးရုပ်တစ်ရုပ်မှာ တင်စား၊ကာ ဆန္ဒပြခဲ့ကြသည်။

ဆင်နွှဲ

ကမ္ဘာကြီး ပိုမိုလုံခြုံမှုရှိစေရေး အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ပွဲကို ဆင်နွှဲနေသည်ဟု သမ္မတဘုရှ်နှင့် ဘလဲတို့က ပြောကြား၊ကြောင်း၊ အမှန်တကယ်အားဖြင့်မူ အဆိုပါ ခေါင်းဆောင်နှစ်ဦးအနေဖြင့် ကမ္ဘာ့လုံခြုံရေးအတွက် မည်သို့မျှလုပ်ဆောင်ခြင်း မရှိကြောင်း၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် အဖြစ်မဲ့ ပြည်သူ လူထုကို ဗုံးကြဲတိုက်ခိုက်ကာ ၎င်းတို့ ဆင်နွှဲသော စစ်ပွဲတရားမျှတမှုမှိုပုံကို ဆင်ခြေပေးနေသော်လည်း အနောက်တိုင်း မုန်းတီးရေးစိတ်ဓာတ်များသာ လျှင် တိုးပွားစေကြောင်း အသက် (၃၈) နှစ်အရွယ်ရှိ တက္ကသိုလ်ကထိက ပေါလ်ဘာရိုးက ပြောကြား၊သည်။

တူရကီနိုင်ငံရှိ ဗြိတိသျှအကျိုးစီးပွား များကို ပစ်မှတ်ထား၊သော ဗုံးပေါက်ကွဲမှု ဖြစ်ပွား၊ရခြင်း၊မှာ သမ္မတဘုရှ်၏ မူဝါဒများ၊ကြောင့်ဖြစ်ရသည်ဟု ဆန္ဒပြသမား၊များက ယူဆထား၊သည်။ မြို့တော်လန်ဒန်တွင် လူထုဆန္ဒပြပွဲများ မပြုလုပ်မီ နာရီပိုင်း၊အလိုတွင် တူရကိနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အသေခံဗုံးခွဲသူများက ကား၊ဗုံးခွဲမှုများ ပြုလုပ်ခဲ့သည်။ ဗြိတိသျှကောင်စစ်ဝန်ရုံး၊နှင့် လန်ဒန်အခြေစိုက် အိပ်ခ်ျအက်စ်ဘီစီ ဘဏ်ရုံး၊ခွဲတို့တွင် ဖြစ်ပွား၊သော ဗုံးပေါက်ကွဲမှုများ၊အတွင်း လူ ၂၇ဦး ထက်မနည်း သေဆုံး၊ပြီး လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ **အမ်အင်အေရိုက်တာ။**

ဗြိတိန်နိုင်ငံသို့ အမေရိကန်သမ္မတ ဂျော့ရှ်ဒဗလျူဘုရှ် လာရောက်လည်ပတ်သည့်ခရီးစဉ်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် နိုဝင်ဘာ ၂၀ ရက်တွင် လန်ဒန်မြို့လယ်၌ ဗြိတိန်ပြည်သူများ အလုံးအရင်းဖြင့် ချီတက်ဆန္ဒပြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ချီတက်ဆန္ဒပြ

နိုဝင်ဘာ ၂၀ ရက်က အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် အမေရိကန် သမ္မတဘုရှ်၏ ဗြိတိန်ခရီး စဉ်ကို ဆန့်ကျင်သည့် အနေဖြင့် လန်ဒန်မြို့လယ် ဝါတာလူး လမ်းမကြီးတစ် လျှောက် ချီတက် ဆန္ဒပြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံရှိ မကြာခဏတိုက်ခိုက်ခံရသည့် ရာမာဒီမြို့တွင် မြို့ကောင်စီ၏ရုံးများတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ရာမာဒီ (အီရတ်) နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံတွင် မကြာခဏတိုက်ခိုက်မှုဖြစ်ပွား၊သည့် ရာမာဒီမြို့တွင် ဗုဒ္ဓဟူး၊နေ့၊ည က အမေရိကန်တို့ ခန့်အပ်ထား၊သည့် အဆိုပါမြို့မှ မြို့၏ ကောင်စီရုံး၊များတွင် ကား၊ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ခဲ့ကြောင်း၊ မျက်မြင်တွေ့ ရှိသူများက ပြောကြား၊သည်။

သေဆုံး

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သေကျေ ထိခိုက်ရမှု သတင်း၊နှင့် ပတ်သက်၍ အတိအကျ မသိရသော်လည်း ည ၁၀ နာရီတွင် ဖြစ်ပွား၊သည် ယင်း၊တိုက်ခိုက်မှုတွင် လူခုနစ်ဦး၊ သေဆုံး၊ခဲ့ကြောင်း၊ ဆေး၊ရုံတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး၊က ပြောကြား၊သည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ကမူ ယင်း၊ဗုံးပေါက်ကွဲမှုကြောင့် အလောင်း၊ခြောက်လောင်း၊ကို တွေ့ ရှိခဲ့ရကြောင်း၊ ပြောကြား၊သည်။

ပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၆၀ အကွာရှိ ရာမာဒီမြို့တွင် ကား၊ဗုံးတစ်လုံး၊ပေါက်ကွဲမှု ဖြစ်ပွား၊ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြော၊ရေး၊ဆိုခွင့်ရှိသူ အမျိုး၊သမီး၊က အတည်ပြု ပြော၊ကြား၊သော်လည်း အသေး၊စိတ် အချက်အလက်များ၊ကိုမူ ပြော၊ကြား၊ခြင်း၊မရှိပေ။

ယင်း၊ကား၊ဗုံး၊ပေါက်ကွဲမှုမှာ အသေခံတိုက်ခိုက်မှုဖြစ်သည်ဟု မိမိတို့ ယူဆကြောင်း မျက်မြင်တွေ့ ရှိသူများက ပြောကြား၊သည်။

အသေခံဖောက်ခွဲ

ဖောက်ခွဲရေး၊ပစ္စည်းများ ထည်ထား၊သည် ကား၊သည် လျင်မြန်စွာဆော်း၊နင်းလာကြောင်း၊နှင့် ကား၊မောင်း၊သူမှာ ကား၊အတွင်း၊မှနေ၍ အသေခံဖောက်ခွဲခဲ့ခြင်း၊ဖြစ်ကြောင်း၊ ဗုံးဖြင့်တိုက်ခိုက်ခံရသည့် အဆောက်အအုံအနီး တစ်ပိုက်တွင်နေထိုင်သည့် ဒေသခံတစ်ဦး၊က ပြောကြား၊သည်။

ပစ်သတ်ခံရ

အခြား၊တိုက်ခိုက်မှု တစ်ရပ်တွင် အမေရိကန်တို့နှင့် ပူးပေါင်း၊ဆောင်ရွက်သည့် ဒေသခံ လူမျိုးစုခေါင်း၊ဆောင် မာမွတ်ဂျာဘမှာ ဗုဒ္ဓဟူး၊ညနေပိုင်း၊က ပစ်သတ်ခဲခံရကြောင်း၊ မျက်မြင်တွေ့ ရှိသူများက ပြောကြား၊သည်။

အမ်အင်အေ၊ ရိုက်တာ။

ရုရှားနှင့် တောင်ပိုင်းနှင့် အရက်သောက်ပြိုင်ပွဲပြုလုပ်ရာတွင် အနိုင်ရသူ သေဆုံး

မော်စကို နိုဝင်ဘာ ၂၁

ရုရှားနိုင်ငံတောင်ပိုင်း၌ မြို့ငယ်လေးတစ်မြို့၌ အရက်သောက်ပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့ရာတွင် ပြိုင်ပွဲ၌ အနိုင်ရရှိသူမှာ သေဆုံးခဲ့ရပြီး အနိုင်မရသော အခြား၊သူများမှာလည်း ဆေး၊ရုံအထူး၊ကြပ်မတ်ကုသဆောင်တွင် ဆေး၊ဝါး၊ကုသမှုခံယူခဲ့ရကြောင်း အစိုး၊ရ၊ရေနေတစ်ဦး၊က ပြောကြား၊သည်။

ကြာမြင့်

အရက်သောက်ပြိုင်ပွဲမှာ မိနစ် ၃၀မှ မိနစ် ၄၀ခန့်အထိ ကြာမြင့်ခဲ့ကြောင်း၊ ပြိုင်ပွဲတွင် အနိုင်ရရှိသူမှာ လီတာထက်ဝက်ပါ အရက်ပုလင်း သုံးလုံးကို သောက်ခဲ့ကြောင်း၊ ၎င်းကို အဝှာယာဥ်ဖြင့် ၎င်း၏နေအိမ်သို့ ပို့ဆောင်ဆး၊ခဲ့သော်လည်း မိနစ် ၂၀ အတွင်း သေဆုံး၊သွား၊ကြောင်း ဗောလ်ဂိုဂွန်မြို့မှ အစိုး၊ရရေ့ နေရိမာန်ပိုပေါဗိက ပြောကြား၊သည်။

စွဲချက်တင်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ငါး၌းစုံလုံးကို အထူးကြပ်မတ်ဆောင်တွင် ဆေး၊ဝါး၊ကုသပေး၊လျက်ရှိကြောင်း ၎င်းကပြောကြား၊သည်။ ယခုလအတွက် အရက်သောက်ပြိုင်ပွဲကို ဆော်သြကျင်း၊ပခဲ့သည် အရက်ဆိုင်ပိုင်ရှင်ကို လူသေမှုဖြင့် စွဲချက်တင်ထား၊သည်။ အချိန်တိုအတွင်း အရက်အများ၊ဆုံး သောက်ခဲ့သူကို ဆော်ဒဂါအရက် ၁၀ လီတာ ဆုချမည်ဟု အရက်ဆိုင်ပိုင်ရှင်က ကမ်းလှမ်း၊ခဲ့သည်။ သုတေသန၊ပြုချက်များ၊အရ ရုရှား၊လူမျိုး၊တစ်ဦး၊သည် တစ်နှစ်လျှင် ပျမ်းမျှအား၊ဖြင့် အရက် ၁၅ လီတာကို သောက်သုံး၊သည်ဟု သိရှိရသည်။

အမ်အင်အေရိုက်တာ။

အီရတ်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အခ်ီအစည်းမရှိ သြစတြေးလျ ကာကွယ်ရေးဝန်ကြီး ထုတ်ပယ်ပြောကြား

ကင်ဘာရာ နိုဝင်ဘာ ၂၀

သြစတြေးလျနိုင်ငံသည် အီရတ်နိုင်ငံနှင့် အာဖဂန်နိုင်ငံများသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အစီအစဉ်တစ်စုံတစ်ရာ မရှိကြောင်း သြစတြေးလျနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရောဘတ်ဟီးလ်က ပြောကြား သည်။ လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံနှင့် အီရတ်ပတ်ဝန်းကျင်ဒေသတွင် သြစတြေးလျ တပ်ဖွဲ့ဝင်အင်အား ၈၅၀ ခန့် တာဝန်ထမ်းဆောင်လျက်ရှိပြီး အာဖဂန်နိုင်ငံတွင် သြစတြေးလျတပ်သား မဆိုစလောက်သာ ရှိသည်ဟုဆိုသည်။

ယူဆ

အဆိုပါနိုင်ငံများသို့ တာဝန်ထမ်းဆောင်ရန် ဧဝလွတ်ထားသော မိမိတို့၏ တပ်အင်အား သည် မိမိတို့၏ အရွယ်အစား နှင့် ယူထားရသည်တာဝန်အရှေ့ဆိုပါက သင်လျော်သောအင်အား အရေအတွက်ပင် ဖြစ်သည်။ သြစတြေးလျအနေဖြင့် သင့်တင့်လျောက်ပတ်သော တာဝန်ကို ယူထားပြီးဖြစ်သည်ဟု ယူဆကြောင်း ဝန်ကြီးဟီးလ်က ပြောကြားသည်။ အဆိုပါစကား များကို ဗုဒ္ဓဟူးနေ့က အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြား ခဲ့ခြင်းဖြစ်သည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်စဖဲလ်လည်း ရှိနေသည်။

အင်တာနက်။

စစ်ဆေး

အမေရိကန်က လေကြောင်းမှ တိုက်ိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် အီရတ်နိုင်ငကယ်ကွတ် မြို့မှ ပစ်မှတ်တစ်ခုကို အမေရိကန်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၀ရက်တွင် စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမဒီမြို့အနီး ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၀

အီရတ်နိုင်ငံ ရာမာဒီမြို့ အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်း ကြာသပတေးနေ့က ဖြတ်သွားစဉ် ဗုံးပေါက်ကွဲသည်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး၊ ဒုတိယရာထူးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ ထိုတိုက်ခိုက်ဗုံးခွဲမှုမှာ ဆွန်နီထြိဒေသမှ ရာမာဒီမြို့ အရှေ့ဘက်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

အဆိုပါ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်နှင့်ပါဆိုလျှင် အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရိုက မေလ ၁ရက်နေ့တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၈၀ ဦး ရှိသွားပြီဖြစ်သည်။

အင်တာနက်

ဘဂ္ဂဒက်မြို့တော်တွင် ပြင်းထန်သောပေါက်ကွဲသံများကြားရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်ရှိ ခုခံတိုက်ခိုက်ရေးသမားများကို အဂါနေ့က နောင်းပိုင်းမှစ၍ တိုက်ခိုက်မှုအရှိန်မြင့်တင်ခဲ့သဖြင့် ဘဂ္ဂဒက်မြို့ တော်၌ ပြင်းထန်သော ပေါက်ကွဲသံများ ဆက်တိုက်ကြားခဲ့ရသည်။

အမေရိကန်တင်ကား များနှင့် သံချပ်ကာကား များမှ ပစ်ခတ်သော ပေါက်ကွဲသံများက ဘဂ္ဂဒက်မြို့ တော်ဟောင်ပိုင်းကို လွှမ်းခြုံခဲ့ပြီး မီးခိုးများကို အဆောက်အအုံအချို့မှ မြင်တွေ့ နိုင်သည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က တင်ဆြေဘက်ထား သည် အုပ်ချုပ်ရေးအဖွဲ့ ၏ ဌာနချုပ်များကို တိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ပြင်းထန်လာသော ခုခံတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်များက စစ်ရေးတိုက်ခိုက်မှုများ မကြာသေးမီရက်များက တိုးမြှင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရေများစုပ်ထုတ်

နိုဝင်ဘာ ၂၀ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ခဲ့ရသည့် အပေါက်ကြီးတွင် ရေများပြည့်လျှံနေကာ ရုပ်ထုတ်နေသည်ကို အီရတ်နိုင်ငံသားများ ကြည့်ရှုနေစဉ်။ ယင်းဗုံးပေါက်ကွဲကြောင့် ရေပိုက်လိုင်းများ ထိခိုက် ပျက်စီးခဲ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံ၌ ဗုံးပေါက်ကွဲမှုတွင် ဖြတိန်ကောင်စစ်ဝန်ချုပ် သေဆုံးခဲ့

လန်ဒန် နိုဝင်ဘာ ၂၁

တူရကီနိုင်ငံဆိုင်ရာ ဖြတိန်နဲကောင်စစ် ဝန်ချုပ် ရော်ဂျာရှောသည် ကြာသပတေးနေ့က ဗုံးခွဲအတူ မိမိရှိနေကြောင်း နှင့် ဝမ်းနည်းဖွယ်ရာ ကောင်းသည်မှာ ကောင်စစ်ဝန်ချုပ် ဆေဆုံးသွား ခြင်းပင် ဖြစ်ကြောင်း အီယန်ရှာဝုဒ်က စီအင်နဲ အင်နဲသတင်းဌာနသို့ တေ ဆုမေ မြန်းခန်းတွင် ပြောကြားသည်။

ရှောသည် ဝါရင်တဲတမန်တစ်ဦး ဖြစ်ကာ တူရကီဘာသာစကားကို သွက်သွက်လက်လက် ပြောဆိုနိုင်ပြီး ဘူဂေးရီးယား နိုင်ငံဆိုင်ရာ ဖြတိန် သံအမတ်ကြီး ဟောင်းဖြစ်သည်။

ပစ်မှတ်ထား

လူ ၂၆ ဦး ဆေဆုံးပြီး ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည် ဗုံးနှစ်လုံးပေါက်ကွဲမှုတွင် ဖြတိန်နဲကောင်စစ်ဝန်ချုပ်နှင့် အိပ်ချိန်အက်စ်ဘီ ဘဏ်ချုပ်တို့မှာ အဓိက ပစ်မှတ်ဖြစ်ခဲ့ပုံရသည်။

ကျယ်လောင်သည် ပေါက်ကွဲမှုကြောင့် ဖြတိန်နဲကောင်စစ်ဝန်ချုပ်တွင် လူခြောက်ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရုတ်တရက် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်၌ ယူကရိန်းစစ်တပ်မှ ဗိုလ်ကြီးတစ်ဦး မိမိကိုယ်မိမိ အဆုံးစီရင်ဟု အတည်ပြုပြောကြား

ကိယက် နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံတွင် ယူကရိန်းစစ်တပ်မှဗိုလ်ကြီးတစ်ဦးသည် အဂါနေ့က မိမိကိုယ်မိမိအဆုံးစီရင်ခဲ့ကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောကြား သည်။

— အဆုံးစီရင် —

ယူကရိန်း ကြည့်တပ်အတွက် အာရေဇု စကား ပြန် တစ်ဦး အဖြစ် ဆောင်ရွက်သည် ဗိုလ်ကြီး အိုလက်ဇီဘွန်ဒါရင်ကိုသည် အဂါနေ့ ညနေ ၃နာရီခွဲနှစ်ကြိမ်အဆိုရတ်နိုင်ငံအရှေ့ဘောင်ပိုင်း ယူကရိန်း တပ်ဖွဲ့ ရှိရာ စစ်တန်းလျား တွင် ၎င်း၏ ပစ္စတိုဖြင့် အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထား သည်။

ယူကရိန်းစစ်တပ်က ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးနေကြောင်း ကြေညာချက် တွင်ပါရှိသည်။

ယူကရိန်းတပ်ဖွဲ့ ဝင် ၁၆၅၀၀ဦးခန့်ကို နိုင်ငံတကာတပ်ဖွဲ့ ၏ တစ်စိတ် တစ်ဒေသအဖြစ် ဩဂုတ်လကတည်းက အီရတ်နိုင်ငံ အနောက်တောင်ပိုင်း ဝါဆစ်ပြည်နယ်တွင် ဖြန့်ချထား သည်။

အဂါနေ့က အဆုံးစီရင်မှု မတိုင်မီ အီရတ်နိုင်ငံတွင် မတော်တဆမှုများ ကြောင့်ယူကရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး ခဲ့ရသည်ဟု ယူကရိန်း ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူရေနီယမ်ထုတ်လုပ်မှုရပ်ရန် တောင်းဆိုမှု အီရန်ပယ်ချမည်

တီဟီရန် နိုဝင်ဘာ ၂၁

အီရန်နိုင်ငံ၏ ယူရေနီယမ်ထုတ်လုပ်မှုလုပ်ငန်းများကိုရပ်နားရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ နောက်ထပ် မည်သည်တောင်းဆိုမှုမျိုးကိုမဆို ငြင်းဆန်မည်ဖြစ်ကြောင်း အီရန်နိုင်ငံထိပ်တန်း ဝဲလ်ဖြူရေးအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

အီရန်နိုင်ငံက ယူရေနီယမ်ထုတ်လုပ်မှုကို ခေတ္တရပ်နားထားမည် ဖြစ်ကြောင်း၊ တာဝန်သိသိဖြင့် ကတိကဝတ်ပြုထား မှုကိုပြောင်းလဲ၍ ယူရေနီယမ်ထုတ်လုပ်မှုကိုရပ်နား ရန် အိုင်အေအီးအေ၏ မည်သည်ဆုံးဖြတ်မှုမဆို အီရန်နိုင်ငံက လက်ခံလိမ့်မည်မဟုတ်ကြောင်း အီရန်နိုင်ငံလွှဲရေးကောင်စီအကြီးအကဲ ဟက်ဆန် ရောင်ဟနီက ပြောသည်။ အီရန်နိုင်ငံ ချူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အိုင်အေအီး၏အစည်းအဝေးမကျင်းပမီ တစ်ရက်အလိုတွင် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သောအောက်တိုဘာလက အီရန်နိုင်ငံ၏ ချူကလီးယား ထုတ်လုပ်မှုကိုဆိုင်းငံထားရန် အိုင်အေအီး၏ ဆောင်းဆိုချက်ကို အီရန်နိုင်ငံက သဘောတူခဲ့သည်။ အဆိုပါသဘောတူညီချက်သည် နိုင်ငံတကာ အား အီရန်နိုင်ငံ၏ ဖြောင့်မတ်သောသဘောထား ကို ပြသခဲ့ခြင်းဖြစ်ပြီး ယူရေနီယမ်ထုတ်လုပ်မှုကို မည်သည့်အချိန်တွင်မဆို ပြန်လည်ဆောင်ရွက်ပိုင်ခွင့် ရှိကြောင်း အီရန်နိုင်ငံက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တစ်ကမ္ဘာလုံးက ဆန့်ကျင်သည့် အီရတ်စစ်ပွဲ ဆင်နွှဲတိုက်ခိုက်မှုသည် မှားယွင်းမှုဖြစ်သေဆုံးမှု များပြားနေသည့်အတွက် အီရတ်မှ အမေရိကန်တို့ ထွက်ခွာသွားသင့်

ဝါရှင်တန် နိုဝင်ဘာ ၂၁

အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး စိအင်နဲအင်နဲသတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ နိုင်ငံတကာမှ ရွပ်ခြင်ပရိသတ်များက ၎င်းတို့၏ သဘောထားကို ဖေးပို့လျက်ရှိကြရာ အမေရိကန်သမ္မတ ဘုရှ်သည် တစ်ကမ္ဘာလုံးက ဆန့်ကျင်ကန့်ကွက်ခဲ့သည့် အီရတ်စစ်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ခြင်းဖြင့် အဓောပိုင်းကတည်းက မှားယွင်းမှုတစ်ခု ကျူးလွန်ခြင်းဖြစ်ကြောင်း။

သြဇာကျဆင်း

ရွပ်ထွေးလှသည့် အီရတ်အရေးကိစ္စထဲ အမေရိကန်ပြည်ထောင်စုကို သမ္မတဘုရှ် ဆွဲသွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရှ်ကြောင့် ကုလသမဂ္ဂအဖွဲ့ သြဇာကျဆင်းသွားကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက်ဟုဆိုကာ အမေရိကန်ဒေါ်လာ ဘီလျံများစွာ သုံးစွဲခဲ့သည့်အပြင် အမေရိကန်ပြည်သူများအတွင်းတွင်လည်း သဘောထားကွဲလွဲခဲ့သည်။

အသေအပျောက်များ

ထို့အပြင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်ပြောက်ကျားများက တိုက်ခိုက်သည့် အတွက် အသေအပျောက် များလျက်ရှိသောကြောင့် အမေရိကန်တို့သည် အီရတ်နိုင်ငံမှ ထွက်ခွာသွားသင့်သည်ဟု ဘရာဇီးရွပ်ခြင်ပရိသတ်တစ်ဦးက ရေးသားဖော်ပြထားကြောင်း စီအင်ဒန်အင်ဒန်။

စီအင်ဒန်အင်ဒန်၊ သတင်းဌာနက ဖော်ပြသည်။

ကယ်ကွတ်မြို့တွင် အသေခံ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားလူသုံးဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရဟု ပြောကြား

ကယ်ကွတ်(အီရတ်) နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ကုဒ်ခေါ်တိုတစ်ခု၏ ရုံးများ အပြင်ဘက်တွင် ကြာသပတေးနေ့က အသေခံကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ အနည်းဆုံး လူသုံးဦးသေဆုံးကာ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲသံ

ကယ်ကွတ်မြို့ ရှိ မျိုးချစ်ကာဒွတန်သမဂ္ဂပါတီ(ပီယူကေ)၏ ရုံးများအနီးတွင် ကျယ်လောင်သည့် ပေါက်ကွဲသံကြီး မြည်ဟည်းတုန်လှုပ်သွားပြီး ကားနစ်စီးမှ မီးခိုးလိပ်ကြီး ကောင်းကင်ထဲသို့ ထိုးတက်သွားကြောင်း အခင်းဖြစ်ပွားရာတွင် ရှိနေသည့် ရိုက်တာ သတင်းဌာနမှ သတင်းဆောက်တစ်ဦးက ပြောကြားသည်။

တူရကိနိုင်ငံတွင် ကြာသပတေးနေ့က အလည်အပတ်ရောက်ရှိနေသည့် ပီယူကေခေါင်းဆောင် ဂျလာ တာလာဘာနီသည် အမေရိကန်က ခန့်အပ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီ၏ အကြီးအကဲဖြစ်သည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၁၅၀ အကွာ ကယ်ကွတ်မြို့တွင် ဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် ပီယူကေ၏ဌာနချုပ်တဲတိုင်းကို ပြိုကျသွားစေပြီး အနီးရှိ မူလတန်းကျောင်း၏ မှန်ပြတင်းများကိုလည်း အပစ်စေကာ လွင့်စဉ်ကျလာသည့် မှန်ကွဲများကြောင့် ကလေးငယ်အရွယ် ဒဏ်ရာရရှိသွားသည်။

ယင်းပေါက်ကွဲမှုမှာ အသေခံဗုံးဖောက်ခွဲမှုကြောင်းဖြစ်သည်ဟု ရာဇနန်းပြည် သေချာပေါက် ပြောနိုင်ကြောင်း ရဲအရာရှိ ရှုဝမ်မာဂျစ်ကာရ့ဇောက ပြောကြားသည်။

အမ်အင်အေမွိုက်တာ။

အီရတ်ရေနံစက်ကြီးဌာန အဆောက်အအုံအား ဒုံးကျည်ထိမှန်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှိ ရေနံဝန်ကြီးဌာန အဆောက်အအုံအား သောကြာနေ့ စောစောပိုင်းက ဒုံးကျည်များ ထိမှန်သည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အဆိုပါ ဒုံးကျည်များ ထိမှန်မှု ကြောင့် ရေနံဝန်ကြီးဌာန အဆောက်အအုံအား မီးစွဲလောင်သည့် အသေးစိတ် သတင်းအချက်အလက်များ လောလောဆယ် မရရှိသေးသကဲ့သို့ ထိခိုက်သေကျေ ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှု သတင်း မရရှိသေးကြောင်း စီစီတီဘွီ သတင်းဌာနက ဖော်ပြသည်။*စီစီတီဘွီ။*

အီရန်နိုင်ငံအပေါ် အရေးယူမှုများ သတ်မှတ်ပြဋ္ဌာန်းရန် အခြေခံအကြောင်းရင်းများ မတွေ့ဟု ဂျာနယ်လစ်ဝင်များရေးဝန်ကြီးပြောဆို

မော်စကို နိုဝင်ဘာ ၂

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ အစီရင်ခံစာတင်ပြရန် ယခင်က ပျက်ကွက်ခဲ့သည်အတွက် အီရန်နိုင်ငံအပေါ် အရေးယူမှုများ သတ်မှတ်ပြဋ္ဌာန်းရန် အခြေခံကျသည့် အကြောင်းရင်းများ မိမိ မတွေ့ဖြင်မိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါ်အိုင်ဝင်နော့စ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပြင်သစ်၊ ဖြိတ်နှင့် ဂျာမနီနိုင်ငံတို့၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံက ၁၈နှစ်ကြာဖုံးကွယ်ထားမှုကို ပြစ်တင်ဝေဖန်ထားသည့် ဆုံးဖြတ်ချက် မူကြမ်းအား နိုင်ငံတကာ အဏုမြူဗုံးအင်အားကြီးစိုး (အိုင်အေအီးအေ)သို့ ဖြန့်ဝေထားသည်။

ကြာသပတေးနေ့တွင် ဆွေးနွေးမည့် ယင်းဆုံးဖြတ်ချက်သည် အလွန်အမင်း အားနည်းကြောင်း အိုင်အေအီးအေ အကြီးအကဲက ပြောကြားသည်ဟု သတမန်များက ပြောဆိုသည်။ အီရန်နိုင်ငံအား အရေးယူမှုများ ပြဋ္ဌာန်းရန် အကြောင်းရင်းများ မိမိ မမြင်မိကြောင်း အိုင်ဇင်နော့စ်က စီအင်န်အင်န် ရုပ်မြင်သင်္ကြားဌာနသို့ ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဘူရှိယာဒေသတွင် အီရန်၏ ပထမဆုံး နျူကလီးယား ဓာတ်ပေါင်းဖိုကို တည်ဆောက်ပေးနေသည့် ရုရှားနိုင်ငံသည် နျူကလီးယားကဏ္ဍတွင် အီရန်နှိုင်းနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ *အမ်အင်အေမွိုက်တာ။*

ထိခိုက်ပျက်စီး

နိုဝင်ဘာ ၁၉ရက်က အီရတ်နိုင်ငံ တိကရစ်မြို့တွင် အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသော နေအိမ်အား ညွှန်ပြနေသည့် အီရတ်နိုင်ငံသားတစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူလိုက်ပါသည့် အာကာသယာဉ် စီမံကိန်းမှ ကျွမ်းကျင်သူများ ဘေဂျင်းမြို့၌ ဒုက္ခိတပြုပွဲတခင်ရပ် ကျင်းပ

ဘေဂျင်း နိုဝင်ဘာ ၂၁

အောက်တိုဘာ ၁၅ရက်နှင့် ၁၆ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံး လူလိုက်ပါသည့် အာကာသယာဉ် အောင်မြင်စွာ လွှတ်တင်မှုတွင် ထူးခြားစွာ အထောက်အကူပြုခဲ့သူ တရုတ်အာကာသရေးရာ ကျွမ်းကျင်သူ ၁၂ဦးကို ဘေဂျင်း၌ ကြာသပတေးနေ့က ဂုဏ်ပြုသည်။

ဂုဏ်ပြုခံ ပုဂ္ဂိုလ်များတွင် လွှတ်တင်ရေးယာဉ်စနစ်၏ အုပ်ချုပ်ရေးမှူး၊ **လောင်းစော်–၂ အက်ဗ်** ဟု အမည်ပေးထားသည် လွှတ်တင်ရေးယာဉ်၏ ပုံဆွဲမှူးနှင့် အာကာသယာဉ်စနစ်၏ ပုံဆွဲမှူး၊ ဒုံးကျည်နှင့် အာကာသယာဉ် စနစ်များ၏ ဒုတိယအုပ်ချုပ်ရေးမှူးများနှင့် ပုံဆွဲမှူးများ၊ အာကာသယာဉ် တွန့်တင်ရေးစနစ်နှင့် ယင်း၏ ထိန်းချုပ်ရေးစနစ်များကို တာဝန်ယူရသည့် ထိပ်တန်းကျွမ်းကျင်သူ နှစ်ဦးတို့ ပါဝင်သည်။

မိမိတို့နိုင်ငံ၏ ပထမဆုံးအကြိမ် လူလိုက်ပါသည့် အာကာသခရီးစဉ် အောင်မြင်ရခြင်းမှာ ဤအစီအစဉ်တွင် ပါဝင်သူအား လုံး၏ ကြိုးပမ်းအားထုတ်မှုနှင့် ယခင် တာဝန်ယူ လုပ်ကိုင်ခဲ့သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ကြောင်း ဖြင့် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း၏ ဒုတိယအုပ်ချုပ်ရေးမှူး ကျန်က ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း နိုင်ငံတကာ အာကာသ အသိုက်အဝန်းက ယေဘုယျလက်ခံထားသည့် အရှုပ်ထွေးဆုံးသော နည်းပညာဆိုင်ရာ ပြဿနာများကို တရုတ်အာကာသရေးရာ ကျွမ်းကျင်သူများက ဖြေရှင်းပေးနိုင်ခဲ့ကြောင်း ဖြင့်လည်း ဒုတိယအုပ်ချုပ်ရေးမှူး ကျန်က ထည့်သွင်းပြောဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံး အာကာသသူရဲကောင်း ယန်လီဝေအား **"အာကာသသူရဲကောင်း"** အဖြစ် နိုဝင်ဘာ ၇ရက်က ဘွဲ့တံဆိပ်အပ်နှင်းကာ ဂုဏ်ပြုလိုက်သည်။ *အမ်အင်အေဆင်ဟွာ။*

စစ်ဆေး

နိုဝင်ဘာ ၂၀ ရက်က တူရကို နိုင်ငံ အစွတန်ဘူလိမြို့ရှိ ဗြိတိသျှ ကောင်စစ်ဝန်ရုံး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ တူရကီကယ်ဆယ်ရေးဝန်ထမ်းများ အပျက်အစီးများကို စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့ခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြင့်

ပြန်ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ်‌ကျော်‌ဆန်း၊ ဧနီ‌-ဓေါ်‌ကြည် ကြည်‌ဝင်း၊ မီသား‌စုက သက်ကြီး‌စာ‌ပေ‌ပညာ‌ရှင်‌ကြီး‌များ၊ ပူ‌ဇော်‌ကန်‌တော့‌ပွဲ အတွက် အလှူ‌ငွေ‌ကျပ်‌ငါး‌သောင်း‌ကို မြန်‌မာ‌နိုင်‌ငံ စာ‌ပေ‌နှင့်‌စာ‌နယ်‌ဇင်း‌အဖွဲ့ ဥက္ကဋ္ဌ ဦး‌လှမြိုင်(ကိုဆော‌ဝ်း)အား ပေး‌အပ်‌လှူ‌ဒါန်း‌စဉ်။ (သတင်း‌စဉ်)

သက်ကြီး စာ‌ပေ‌ပညာ‌ရှင်‌ကြီး‌များ ပူ‌ဇော်‌ကန်‌တော့‌ပွဲ ကျင်း‌ပ‌ရေး ညှိ‌နှိုင်း‌အစည်း‌အ‌ဝေး‌ကျင်း‌ပ

ရန်ကုန် နိ‌ဝင်‌ဘာ ၂၂

မြန်‌မာ‌နိုင်ငံ စာ‌ပေ‌နှင့်‌စာ‌နယ်‌ဇင်း‌အဖွဲ့ သက်ကြီး‌စာ‌ပေ ပညာ‌ရှင်‌ကြီး‌များ ပူ‌ဇော်‌ကန်‌တော့‌ပွဲ ကျင်း‌ပ‌ရေး‌အတွက် ညှိ‌နှိုင်း‌အစည်း‌အ‌ဝေး‌ကို ယ‌နေ့‌နံ‌နက် ၉နာ‌ရီ‌တွင် ရန်ကုန်‌မြို့ သိမ်‌မြို့‌နယ်‌ရှိ ပြန်‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး‌ရုံး အစည်း‌အ‌ဝေး‌ခန်း‌မ၌‌တျင်း‌ပရာ ပြန်‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ် ကျော်‌ဆန်း တက်‌ရောက်၍ အမှာ‌စကား‌ပြော‌ကြား‌သည်။

တက်‌ရောက်

ညှိ‌နှိုင်း‌အစည်း‌အ‌ဝေး‌သို့‌ပြန်‌ကြား‌ရေး ဝန်ကြီး‌ဌာန ဒုတိ‌ယ‌ဝန်ကြီး ဗိုလ်မှူး‌ချုပ် အောင်‌သိန်း၊ ဝန်ကြီး‌ဌာန‌အောက်‌ရှိ ဦး‌စီး‌ဌာန‌နှင့် လုပ်‌ငန်း‌များ‌မှ ဌာန‌ဆိုင်‌ရာ အကြီး‌အ‌ကဲ‌များ၊ မြန်‌မာ‌နိုင်‌ငံ စာ‌ပေ‌နှင့် စာ‌နယ်‌ဇင်း‌အဖွဲ့ ဥက္ကဋ္ဌ ဦး‌လှမြိုင် (ကိုဆော‌ဝ်း)၊ ဒုတိ‌ယ‌ဥက္ကဋ္ဌများ၊ ဖြစ်‌ကြသည် ဦး‌တင်‌ဝ(တက္ကသိုလ်‌တင်‌ဝ)၊ ဦး‌သန်း‌မော‌ဝင်း(သန်း‌မော‌ဝ်)နှင့် ဦး‌မြင့်‌သိန်း (မြင့်‌သိန်း‌အောင်)၊ အတွင်း‌ရေး‌မှူး ဦး‌လှထွန်း (လှထွန်း‌–တွဲ‌ထော‌)နှင့် တွဲ‌ဖက် အတွင်း‌ရေး‌မှူး‌များ၊ ဗဟို‌အမှု‌ဆော‌င်‌ကော်‌မတီ‌ဝင်‌များ၊ ဖိတ်‌ကြား‌ထား‌သူ‌များ တက်‌ရောက်‌ကြ‌သည်။

အစည်း‌အ‌ဝေး‌တွင် ပြန်‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ် ကျော်‌ဆန်း‌က သက်ကြီး‌စာ‌ပေ ပညာ‌ရှင်‌ကြီး‌များ ပူ‌ဇော်‌ကန်‌တော့‌ပွဲ ကျင်း‌ပ‌ရေး‌နှင့် စပ်‌လျဉ်း၍ အမှာ‌စကား‌ပြော‌ကြား‌သည်။

အမှာ‌စကား‌ပြော‌ကြား

ထို‌နော‌က် သက်ကြီး‌စာ‌ပေ‌ပညာ‌ရှင်‌ကြီး‌များ ပူ‌ဇော်‌ကန်‌တော့‌ပွဲ‌ကျင်း‌ပ‌ရေး ဗဟို‌ကော်‌မတီ ဥက္ကဋ္ဌ၊ မြန်‌မာ‌နိုင်‌ငံ‌စာ‌ပေ‌နှင့် စာ‌နယ်‌ဇင်း‌အဖွဲ့ ဥက္ကဋ္ဌ ဦး‌လှမြိုင် (ကိုဆော‌ဝ်း)နှင့် ဖိတ်‌ကြား‌ရေး‌လုပ်‌ငန်း‌ကော်‌မတီ၊ ကန့်‌တော့‌ပစ္စည်း ထုပ်‌ပိုး‌ရေး‌လုပ်‌ငန်း‌ကော်‌မတီ၊ အခမ်း‌အ‌နား‌ပြင်‌ဆင်‌ရေး‌လုပ်‌ငန်း‌ကော်‌မတီ၊ ကြေ‌ဆို‌နေ‌ရာ‌ဌာ‌န‌ရေး လုပ်‌ငန်း‌ကော်‌မတီ၊ ဘဏ္ဍာ‌ငွေ‌ရှာ‌ဖွေ‌ရေး လုပ်‌ငန်း‌ကော်‌မတီ‌နှင့် စည်း‌ရုံး‌လှုံ့‌ဆော်‌ရေး လုပ်‌ငန်း‌ကော်‌မတီ‌တို့‌မှ ဥက္ကဋ္ဌ‌များ‌က ပူ‌ဇော်‌ကန်‌တော့‌ပွဲ ကျင်း‌ပ‌ရေး‌အတွက် စီစဉ်‌ဆော‌င်‌ရွက်‌နေ‌မှု‌များ‌ကို ရှင်း‌လင်း‌တင်‌ပြ‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ်‌ကျော်‌ဆန်း‌က လိုအပ်‌သည်‌များ ညှိ‌နှိုင်း‌ဖြည့်‌ဆည်း‌ဆော‌င်‌ရွက်‌ပေး‌ပို့ နိုင်‌ငံ‌ရပ်‌ခြား‌အ‌မှာ‌စကား‌ပြော‌ကြား‌သည်။

အစည်း‌အ‌ဝေး‌အ‌ပြီး‌တွင် ပြန်‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ် ကျော်‌ဆန်း၊ ဧနီ‌-ဓေါ်‌ကြည်‌ကြည်‌ဝင်း၊ မီသား‌စုက သက်ကြီး‌စာ‌ပေ‌ပညာ‌ရှင်‌ကြီး‌များ ပူ‌ဇော်‌ကန်‌တော့‌ပွဲ‌အတွက် အလှူ‌ငွေ‌ကျပ်‌ငါး‌သောင်း‌နှင့် ပြန်‌ကြား‌ရေး‌ဝန်ကြီး‌ဌာန ဝန်ကြီး ဗိုလ်မှူး‌ချုပ်‌ကျော်‌ဆန်း‌က ဖြန်‌မာ‌အ‌သင်း‌ဒေ‌သ‌ဆိုင်‌ရာ ညှိ‌နှိုင်း‌ဖြည့်‌ဆည်း‌ဆော‌င်‌ရွက်‌ပေး‌ပို့ နိုင်‌ငံ‌ရပ်‌ခြား‌အ‌မှာ‌စကား‌ပြော‌ကြား‌သည်။

(၅၉)နှစ်‌မြောက် တပ်‌မ‌တော်‌နေ့ အထိမ်း‌အ‌မှတ် ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ ယှဉ်‌ပြိုင်‌နိုင်‌ရန်‌ဖိ‌ဆော်

ရန်ကုန် နိ‌ဝင်‌ဘာ ၂၂

၂၀၀၄ ခုနှစ် (၅၉)နှစ်‌မြောက် တပ်‌မ‌တော်‌နေ့ အထိမ်း‌အ‌မှတ် စာ‌ပေ‌နှင့် ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌ကျင်း‌ပ‌ရေး လုပ်‌ငန်း‌ကော်‌မတီ‌က ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌များ‌ကို ကျင်း‌ပ‌ပေး‌မည်‌ဖြစ်‌ကြောင်း၊ ထုတ်‌ပြန်‌ကြေ‌ညာ‌သည်။ ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌အ‌တွက် “မွဲ့‌ဖြိုး‌သာ‌ယာ‌ပြည်‌မြန်‌မာ”နှင့် “ယဉ်‌ကျေး‌မှု‌အ‌မွေ‌စောင့်‌ထိန်း‌ရေး” ခေါင်း‌စဉ်‌နှစ်‌မျိုး သတ်‌မှတ်‌ပေး‌ထား‌သည်။ ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌သို့ ဓာတ်‌ပုံ‌ဝါသ‌နာ‌ရှင်‌တို့‌င်း‌သည် ခေါင်း‌စဉ်‌တစ်‌မျိုး‌လျှင် ပေး‌ပုံ‌စံ‌အ‌ထိ ဝင်‌ရောက်‌ယှဉ်‌ပြိုင်‌နိုင်‌သည်။

ပြိုင်‌ပွဲ‌ဝင် ရောင်စုံ‌ဓာတ်‌ပုံ‌များ‌ကို ၁၀ လက်‌မ X၂၂ လက်‌မ‌နှင့်‌အ‌ထက် အရွယ် Print ပုံ‌ဖြင့် ဝင်‌ရောက်‌ယှဉ်‌ပြိုင်‌နိုင်‌သည်။ ဝေ‌ခွင်‌နှစ်‌များ‌က အ‌လား‌တူ ပြိုင်‌ခွဲ များ‌၌ ပ‌ထမ၊ ဒုတိ‌ယ၊ တတိ‌ယ ရရှိ‌ခဲ့‌ကြ‌သူ‌များ‌အား သီ‌သန့်‌အုပ်‌စု သတ်‌မှတ်၍ ဆုချီ‌မြှင့်‌မ‌ည်‌ဖြစ်‌ရာ ဆု‌မ‌ရ‌သေး‌သူ‌များ‌အ‌တွက် ဆု‌ရရှိ‌မည် အ‌ခွင့်‌အ‌ရေး‌မ‌ပိ‌ပို‌ရရှိ‌လာ‌မည်‌ဖြစ်‌သည်။

ထိုက်‌ထိုက်‌တန်‌တန်

ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌တွင် ဆု‌ရရှိ‌ပါက နက္ခတ်‌စိုက် တင်‌ပြ‌နိုင်‌ရ‌မည်။ ဓာတ်‌ပုံ‌နှင့် ဆိုင်‌ရာ‌အ‌ချက်‌အ‌လက်‌များ (Data)နှင့် ဓာတ်‌ပုံ‌အ‌ကြောင်း‌အ‌ရာ (Caption) ကို သိ‌ခြာ‌စာ‌ရွက်‌ပေါ်‌တွင် ရေး‌သား၍ ပူ‌တွဲ‌ပေး‌ပို့‌ရ‌မည်။ သရုပ်‌ဆော‌င်‌သူ‌များ ပါ‌ရှိ‌လျှင် ၎င်း‌တို့ ၏ သဘော‌တူ‌ခွင့်‌ပြု‌ချက် ပါ‌ရှိ‌ရ‌မည်‌ဖြစ်‌သည်။ ပြိုင်‌ပွဲ‌ဝင်‌သော ဓာတ်‌ပုံ‌သည် မည်‌သည့်‌စာ‌ဓော‌င်‌တွင်‌မှ ပုံ‌နှိပ်‌ဖော်‌ပြ‌ခဲ့‌ခြင်း၊ မ‌ရှိ‌ကြောင်း၊ ပြည့်‌တွင်း/ပြည်‌ပ ပြိုင်‌ပွဲ‌များ‌တွင် ဆု‌ရ‌ရှိ‌ခဲ့‌ခြင်း၊ မ‌ရှိ‌ကြောင်း ဝန်‌ခံ‌ဖော်‌ပြ‌ချက် ပါ‌ရှိ‌ရ‌မည်။ Digital ကင်‌မ‌ရာ‌ဖြင့် ရိုက်‌ကူး‌ထား‌သော‌ပုံ‌များ ပေး‌ပို့‌ယှဉ်‌ပြိုင်‌ရန် မလိုကြောင်း၊ ကြေ‌ညာ‌ထား‌သည်။ ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌များ‌တွင် ပြိုင်‌ပွဲ တစ်‌မျိုး‌စီ‌အ‌တွက် ပ‌ထမ၊ ဒုတိ‌ယ‌နှင့် တတိ‌ယ‌ဆု‌များ‌အ‌ပြင် အ‌ထူး‌ဆု‌များ‌ကို ပါ ထိုက်‌ထိုက်‌တန်‌တန် ချီ‌မြှင့်‌မည် ဖြစ်‌သည်။

ဆုချီ‌မြှင့်

ရောင်စုံ‌ဓာတ်‌ပုံ‌ပြိုင်‌ပွဲ‌များ‌၌ ပ‌ထမ၊ ဒုတိ‌ယ‌နှင့် တတိ‌ယ‌ဆု‌ရ‌ရှိ‌ကြ‌သူ‌များ အား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်‌တွင် ကျင်း‌ပ‌မည့် (၅၉)နှစ်‌မြောက် တပ်‌မ‌တော်‌နေ့၌ ရန်ကုန်‌မြို့‌တွင် ဆု‌ချီ‌မြှင့်‌မည်‌ဖြစ်‌သည်။ ကျန်‌အ‌ထူး ဆု‌ရ‌ရှိ‌သူ‌များ‌ကို သက်‌ဆိုင်‌ရာ‌တိုင်း၊ တပ်‌မ‌ဌာ‌နချုပ်‌များ‌တွင် ကျင်း‌ပ‌သော (၅၉)နှစ်‌မြောက် တပ်‌မ‌ဆော်‌နေ့ အခမ်း‌အ‌နား‌များ‌၌ ဆု‌ချီ‌မြှင့်‌မည်‌ဖြစ်‌သည်။

နိဂုံး‌ပော်

ပြိုင်‌ပွဲ‌ဝင် ရောင်စုံ‌ဓာတ်‌ပုံ‌များ‌ကို ဦး‌ထွန်း‌မင်း ညွှန်‌ကြား‌ရေး‌မှူး (ပြန်‌ကြား‌ရေး‌နှင့်‌ပြည်‌သူ့ ဆက်‌ဆံ‌ရေး) ပြန်‌ကြား‌ရေး‌နှင့် ပြည်‌သူ့ ဆက်‌ဆံ‌ရေး ဦး‌စီး‌ဌာန (၂၂–၂၄)ဝန်း‌ဆို့‌တန်း‌လန်း၊ ရန်ကုန်‌မြို့ သို့‌လိပ်‌မူ‌၍ ၂၀၀၄ ခုနှစ် ဖေ‌ဖော်‌ဝါရီ ၁၄ ရက်‌မ‌တိုင်‌မီ ပေး‌ပို့‌ယှဉ်‌ပြိုင်‌ကြ‌ရန် သက်‌ဆိုင်‌ရာ‌က ရှိ‌ဆော်‌ထား‌သည်။

(သတင်း‌စဉ်)

သ‌မ‌ဝါ‌ယ‌မ ထုတ်‌ကုန်‌ပြပွဲ‌နှင့် အ‌ရောင်း‌ပွဲ‌တော်– ၂၀၀၄ ကျင်း‌ပ‌မည်

ရန်ကုန် နိ‌ဝင်‌ဘာ ၂၂

သ‌မ‌ဝါ‌ယ‌မ‌ဝန်ကြီး‌ဌာန၏ ဦး‌ဆော‌င်‌မှူ‌ဖြင့် သ‌မ‌ဝါ‌ယ‌မ‌ဦး‌စီး‌ဌာန အိမ်‌တွင်း စက်‌မှု‌လက်‌မှု လုပ်‌ငန်း‌ဦး‌စီး‌ဌာန သ‌မ‌ဝါ‌ယ‌မ ပို့‌ကုန်‌သွင်း‌ကုန်‌လုပ်‌ငန်း‌နှင့် ဗဟို‌သ‌မ‌ဝါ‌ယ‌မ‌အ‌သင်း‌တို့ ပူ‌ဖေါင်း‌ပြီး သ‌မ‌ဝါ‌ယ‌မ ထုတ်‌ကုန်‌ပြပွဲ‌နှင့် အ‌ရောင်း‌ပွဲ‌တော်‌ကို ရန်ကုန်‌မြို့ ဆရာ‌စ‌လ‌မ်း‌နှင့် တက္ကသိုလ်‌ရိပ်‌သာ‌လ‌မ်း‌သစ် ထော‌င်‌ရှိ သ‌မ‌ဝါ‌ယ‌မ ကူ‌သန်း‌ရောင်း‌ဝယ်‌ရေး ဗဟို‌ဌာန ဆရာ‌စ‌လ‌မ်း‌နှင့် ၂၀၀၄ ခုနှစ် ဇန်‌နဝါ‌ရီ ၁၃ ရက်‌မှ ၁၉ ရက်‌အ‌ထိ ကျင်း‌ပ‌သွား‌မည်‌ဖြစ်‌သည်။

အ‌ဆို‌ပါ သ‌မ‌ဝါ‌ယ‌မ ထုတ်‌ကုန် ပြပွဲ‌နှင့် အ‌ရောင်း‌ပွဲ‌တော်‌တွင် သ‌မ‌ဝါ‌ယ‌မ‌အ‌သင်း‌များ‌မှ ထုတ်‌လုပ် သည့် ထုတ်‌ကုန်‌ပစ္စည်း‌များ၊ နိုင်‌ငံ‌ပိုင် စီး‌ပွား‌ရေး အဖွဲ့ အ‌စည်း‌များ‌နှင့် စက်‌မှု‌ဇုန်‌များ‌၏ ထုတ်‌ကုန်‌များ‌နှင့် ပြည်‌တွင်း ပြည်‌ပကုမ္ပဏီ‌များ‌က လူ‌သုံး၊ အိမ်‌သုံး၊ စား‌သောက်‌ကုန်‌နှင့် အ‌ဝတ်‌အ‌ထည် များ၊ ဓာတုပိ‌န်‌စ် စာ‌ရေး‌ကိ‌ရိ‌ယာ‌များ၊ လျှပ်‌စစ်‌ပစ္စည်း‌မျိုး‌စုံ၊ လက်‌မှုအ‌နုပညာ ပစ္စည်း‌များ၊ ဆော‌က်‌လုပ်‌ရေး ပစ္စည်း‌များ၊ စက်‌မှုကုန်‌ကြမ်း၊ လယ်‌ယာ‌သုံး စက်‌ကိ‌ရိ‌ယာ‌နှင့် သ‌ဘာ‌ဝ‌ဓေ‌ဩ‌ဇော‌များ၊ ပရိ‌ဘော‌ဂ‌ပျိုး‌စုန့် ပြည်‌ပပို့‌ကုန် သွင်း‌ကုန်‌ပစ္စည်း‌များ‌ကို စုလင်‌စွာ ခေ‌ါ်‌ဆ‌ကျ‌ပြ‌သ‌ကြ‌မည်‌ဖြစ်‌ပြီး စ‌ချေ‌နွန့်‌ သက်‌သာ‌စွာ‌ဖြင့် ရောင်း‌ချ‌ပေး‌နိုင်‌ရန် လည်း စီ‌စဉ်‌ထား‌သည်။

ယ‌ခု ကျင်း‌ပ‌မည့်‌ပွဲ‌တော်‌တွင် သ‌မ‌ဝါ‌ယ‌မ နှစ်(၁၀၀)ပြည့်‌အ‌ကြို ခေ‌ါ်‌ကျင်း‌ပြ‌သ‌မျှ‌နှင့် ပြည်‌နယ်၊ တိုင်း‌များ‌ရှိ သ‌မ‌ဝါ‌ယ‌မ‌အ‌သင်း‌များ၊ စက်‌မှု‌လက်‌မှု လုပ်‌ငန်း‌ရှင်‌များ‌၏ ပြည်‌တွင်း ထုတ်‌ကုန်‌ပစ္စည်း‌များ စုလင်‌စွာ သီ‌ခြာ‌ခေ‌ါ်‌ကျင်း‌ပြ‌သ‌ပြီး ရောင်း‌ချ‌သ‌ကြ‌မည်‌ဖြစ်‌သ‌ဖြင့် အ‌ဝယ် ပြု‌လုပ်‌သူ‌များ‌အ‌တွက် ညှိ‌နှိုင်း‌ခြင်း၊ စ‌ဈေး‌ချို‌ခြင်း၊ ကြေ‌တင်‌ရောင်း‌ဝယ်‌ခြင်း‌များ ပြု‌လုပ်‌သွား‌ရန် စီ‌စဉ်‌ထား‌သည်။

ပွဲ‌တော်‌ကို နေ့‌စဉ် နံ‌နက် ၉နာ‌ရီ‌မှ ည ၉နာ‌ရီ‌အ‌ထိ ပြည်‌သူ‌များ လာ‌ရောက်‌ကြည့်‌ရှု ဈေး‌လာ‌နိုင်‌ကြောင်း နှင့် အ‌ရောင်း‌ပွဲ‌တော်‌တွင် ပါ‌ဝင်‌ပြ‌သ ရောင်း‌ချ‌လို‌သူ‌များ၊ ပွဲ‌တော်‌ကိ‌စ္စ ဆက်‌သွယ်‌လို‌သူ‌များ‌သည် သ‌မ‌ဝါ‌ယ‌မ ဝန်ကြီး‌ဌာန ပွဲ‌တော်‌ကျင်း‌ပ‌ရေး ဦး‌စီး‌ကော်‌မတီ ဖုန်း–၂၄၃၈၅၄နှင့် ဆရာ‌စ‌လ‌ာ‌ဇ ဖုန်း–၅၄၃၂၂၇ တို့‌သို့ ဆက်‌သွယ်‌နိုင်‌သည်။ (သတင်း‌စဉ်)

လမ်း(၅၀)ဓမ္မာ‌ရုံ မိုးကုတ်‌ဝိ‌ပ‌ဿ‌နာ‌တရား‌ပွဲ

ရန်ကုန် နိ‌ဝင်‌ဘာ ၂၂

ရန်ကုန်‌မြို့ ဗိုလ်‌တ‌ထော‌င်‌မြို့‌နယ် အမှတ်(၅)ရပ်‌ကွက် လ‌မ်း(၅၀)(အောက်‌လ‌မ်း‌သွယ်) ဓမ္မာ‌ရုံ၌ ကျေး‌ဇူး‌တော်‌ရှင် အ‌ဂ္ဂ‌မ‌ဟာ‌ပ‌ဏ္ဍိ‌တ မိုးကုတ်‌ဆ‌ရာ‌တော်‌ကြီး၏ ဥ‌ပ‌နိ‌ဿ‌ယ‌အ‌ဟိ‌ဋ္ဌ် အင်း‌စိန်‌မြို့‌နယ်၊ ဆ‌ရာ‌ပ‌ဝ‌ိန‌ာ‌ကျောင်း‌တိုက် ပ‌ဓာန‌နာ‌ယ‌ကာ ဆ‌ရာ‌တော် ကမ္မ‌ဋ္ဌာန‌ာ စ‌ရိ‌ယ မိုးကုတ်‌ဓမ္မ‌ကထိက ဘဒ္ဒန္တ မာ‌လာ‌ဘ‌ရ(ဓမ္မာ‌စ‌ရိ‌ယ)အ‌ရှင်‌သူ‌မြတ်‌က ပဋိ‌ဌာ‌ပ‌မုဗ္ဗင်‌တ ဓာတ်‌တော်‌များ‌ကို နိ‌ဝင်‌ဘာ ၂၄ ရက်‌မှ နိ‌ဝင်‌ဘာ ၃၀ ရက် အ‌ထိ‌ဟော‌ကြ‌ပ် ပြ‌သ‌ပေ‌မည်‌ဖြစ်‌ရာ ညဉ့်‌စ‌ာ‌နာ‌ရီ‌တွင် တ‌ရား‌နာ‌ယူ‌နိ‌ုင်‌ကြောင်း သိ‌ရ‌သည်။

(က–ပ)

လမ်းဖောက်‌လုပ်‌မှု‌နှင့် တောင်‌နဝင်း‌ဆည် ရေ‌ပေး‌ဝေ‌မှု‌ကြည့်‌ရှု‌စစ်‌ဆေး

ရန်ကုန် နိ‌ဝင်‌ဘာ ၂၂

ဝဲ‌ခွ‌းတိုင်း အေ‌ာ‌ဇျ‌မ်း‌သာ‌ယာ‌ရေး‌နှင့် ဖွံ့‌ဖြိုး‌ရေး‌ကော‌ာ်‌ခီ (အ‌နော‌က်‌ပိုင်း‌တိုင်း‌ဒွဲ) ဥက္ကဋ္ဌ ဗိုလ်မှူး‌ကြီး‌လှ‌ေင်း‌သည် အဖွဲ့ ဝင် ဦး‌ဖေ‌သန်း၊ ရဲ‌မှး‌ကြီး မြင့်‌ဝေ‌နှင့် တာ‌ဝန်‌ရှိ‌သူ‌များ လိုက်‌ပါ‌လျက် နိ‌ဝင်‌ဘာ ၁၅ ရက် နံ‌နက် ၇ နာ‌ရီ‌တွင် ပြည်‌ခရိုင် ဓေါက်‌ခေါင်း‌ဖြို့ နယ်‌သို့ သွား‌ရောက်၍ ရိုး‌မ‌အ‌နေ‌ာက်‌လ‌မ်း (ခရိုင်‌ချင်း‌ဆက်‌လ‌မ်း) ဖောက်‌လုပ်‌ထား‌ရှိ‌မှု အခြေ‌အ‌နေ‌ကို‌ကြည့်‌ရှု‌ပြီး တောင်‌နဝင်း‌ဆည် ဆည်‌ရေ ပေ‌ဝေ‌မှု‌ကို ကြည့်‌ရှု‌စစ်‌ဆေး‌သည်။

ထို‌နော‌က် ပေါက်‌ခေါင်း‌ဖြို့ အ‌ခြေ‌ခံ‌ပညာ‌အ‌ထော‌က်‌တန်း‌ကျောင်း ဆော‌က်‌လုပ်‌မှု‌ကို‌လည်း‌ကော‌ာင်း၊ စာ‌တ‌ေ‌ာ်‌လည်‌ပတ်‌နေ‌သော အမှတ်(၁၁)သ‌ကြား‌စက် (အင်း‌ငါး‌ခွ) နှင့် သဲ‌ကုန်း‌ဖြို့ နယ် ဆင်‌ဖြိုး‌ဆွဲ‌ကျေး‌ရွာ အ‌ခြေ‌ခံ‌ပညာ အ‌ထော‌က်‌တန်း‌ကျောင်း‌ဆော‌ာင်‌သစ် ဆော‌က်‌လုပ်‌မှု‌ကို ကြည့်‌ရှု‌စစ်‌ဆေး၍ ဓါ‌ေ‌း‌တ‌လည်–ဗြူ‌းကုန်း‌ကျေး‌ရွာ‌လမ်း ကျော‌က်‌ခင်း‌နေ‌မှု အ‌ခြေ‌အ‌နေ‌ကို ကြည့်‌ရှု‌စစ်‌ဆေး‌ကြောင်း သိ‌ရ‌သည်။

(ခရိုင်‌ပြန်/ဆက်)

စာဆိုရာသီ ရောက်ပြီဆိုလျှင်

မြန်မာနိုင်ငံတွင် အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားစွာဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာပေပညာရှင်များအတွက် စာဆိုတော်နေ့အဖြစ် သတ်မှတ်လာခဲ့သည်မှာ နှစ်အားဖြင့်ဆိုပါက ရွှေရတုကိုပင်ကျော်လွန်၍ ၅၉ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၃) စာမျက်နှာ ၃၈၇ တွင် စာဆိုတော်နေ့နှင့်ပတ်သက်၍ ဖော်ပြထား၍အရ ၁၃၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများမှ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် ဃေးနှစ်မြောက်တွင်မှ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေ့တွင် သက်ကြီးဝါကြီး စာရေးဆရာများကို ကန်တော့ခြင်း၊ စာပေပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပခြင်းကို ရန်ကုန်နှင့်တကွ အနယ်နယ် အရပ်ရပ်တွင် ပြုလုပ်ကြကြောင်း သိရပါသည်။

စာဆိုဆက်နေနှိုးလာပြီး စာဆိုရာသီရောက်ပြီဆိုပါက နိုင်ငံတော်အစိုးအစဉ်ဖြင့် စာပေပညာရှင်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန် အမျိုးသားစာပေဟစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေမိမာန်စာမူဆုနှင့် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆု ရရှိသူများကို ကြေညာကာ နတ်တော်လဆန်း(၁)ရက်နေ့ စာဆိုတော်နေ့ သို့မဟုတ် စာဆိုတော်နေ့ ဝန်းကျင်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ၍ အကြီးအကဲများကိုယ်တိုင် တက်ရောက်၍ ဆုချီးမြှင့်ခဲ့သည်မှာ အစဉ်အလာတစ်ရပ်ပင်ဖြစ်နေပေသည်။

ယခုနှစ်တွင် အမျိုးသား စာပေတစ်သက်တာဆုအဖြစ် ဆရာကြီး မောင်ထင်(ဦးထင်ဖော်)ကို ရွေးချယ်ခဲ့ပြီး အမျိုးသား စာပေဆုအတွက် ၁၁ဦး၊ စာပေဗိမာန်စာပေဆုအဖြစ် ၂၈ဦး၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆု အတွက် ၂၁ဦးတို့ ရွေးချယ်ခဲ့ရကာ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ စာဆိုတော်နေ့ အကြိုရက်တွင် အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

အမျိုးသား စာပေစာတမ်းကဗျာဆုကို ယမန်နှစ်ကမှ စတင်၍ တိထွင်သတ်မှတ် ချီးမြှင့်ပေးခဲ့ရာ မြန်မာနိုင်ငံ စာပေဆုတွင် အမြင့်ဆုံးဆုအဖြစ် သတ်မှတ်နိုင်သလို အဆိုပါဆုအတွက် အသက်အား ဖြင့် အနည်းဆုံး ၆၀ အရွယ်၊ စာပေနယ်မြေတွင် စာရေးသက်အား ဖြင့် အနည်းဆုံး ၄၀ ခန့် ရှိသူ၊ စာအုပ်စာဂေါက် ကိုယ်တိုင်ရေးသား ပြုစုထား သည်လက်ရာများ၊ အထင်အရှား ရှိသူ စသည့် အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများ ထဲမှ အသင့်တော်ဆုံး၊ အထိုက်တန်ဆုံး စာပေပညာရှင်ကိုသာ ရွေးချယ်ခြင်း ဖြစ်သဖြင့် အဆိုပါဆုကို ရရှိရန်မှာ တော်ရုံတန်ရုံပညာရှင်များထဲမှ ရရန်မလွယ်ကူပါလို့ ဆိုရချင်ပါသည်။

အမျိုးသား စာပေဆုအဖြစ် မေလ်မီ ၁၉၄၈ ခုနှစ်က စတင်ပြီး **စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု**အဖြစ် ပေးခဲ့ရာမှ ၁၉၆၂ ခုနှစ်တွင် **အနုပညာဆိုင်ရာ စာပေဆု** အဖြစ် အမည်ပြောင်းလဲ ချီးမြှင့်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင်မူ **အနုပညာဆိုင်ရာ စာပေဆု** အမည်ကို **အမျိုးသား စာပေဆု**ဟူ၍ ပြောင်းလဲပြီး ဘာသာရပ် ၁၀ မျိုးအတွက် ပြိုင်ပွဲဝင်စာအုပ် စာမူများကို စိစစ်ချွေးချယ်၍ ဆုချီးမြှင့်ခဲ့ပါသည်။ ထိုသို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သည့်စနစ်ဖြင့် ချွေးချယ်ဆုချီးမြှင့်ခဲ့ရာမှ ၁၉၆၉ ခုနှစ်ကစတင်ပြီး ထိုစနစ်ကို ဖျက်သိမ်း၍ တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များထဲမှ စိစစ်ရွေးချယ်၍ **အမျိုးသားစာပေဆု** အဖြစ် ဘာသာရပ် ၁၁မျိုးအတွက် ထပ်မံသတ်မှတ် ပေးခဲ့သည်ကို တွေ့ရပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် လူငယ်စာပေဘာသာရပ် ထပ်တိုးပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ဘာသာပြန်စာပေကို သုတနှင့် ရသ နှစ်မျိုးခွဲခြားပေးခဲ့ကာ ၁၉၈၉ ခုနှစ်တွင် သုတ ပဒေသာသိပ္ပံနှင့် အသုံးချသိပ္ပံဘာသာရပ်ကို ထပ်မံခွဲခြား ဆောင်ရွက်ခဲ့သဖြင့် ဘာသာရပ်ဆုပေါင်း ၁၄ မျိုးဖြစ်ပေါ်လာခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါသည်။ ဆုငွေမှာလည်း ၁၀၀၀ ကျပ်မှစတင်၍ အဆင့်ဆင့် တိုးမြင့်လာခဲ့ရာ ယခုဆုတစ်ဆုလျှင် ကျပ်နှစ်သိန်း အဖြစ် သတ်မှတ်ချီးမြှင့်ခဲ့ပါသည်။

၁၉၆၉ ခုနှစ်တွင် အမျိုးသား စာပေဆုကို ပုံစံသစ်အဖြစ် ဆုပေးခဲ့ရာမှ စာမူများကို သီးခြားပြိုင်ပွဲခေါ်ယူကာ **စာပေဗိမာန် စာမူဆု**ဟူ၍ ၁၉၆၉ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ယနေ့ထိတိုင်အောင်ပင် ဖြစ်ပါသည်။ ဆုဆိုင်ရာ ဘာသာရပ် အနေထိတိုင်အောင်ပင် ဖြစ်ပါသည်။ ဆုဆိုင်ရာ ဘာသာရပ် အနေဖြင့် ၁၂ ခု သတ်မှတ်၍ ပထမဆုကို ကျပ်တစ်သိန်း၊ ဒုတိယဆုကို ကျပ် ခုနှစ်သောင်း၊ တတိယဆုကို ကျပ်ငါးသောင်း ချီးမြှင့်လျက်ရှိပါသည်။

အမျိုးသား ရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကိုမူ သီးခြား ဆုရွေးချယ်ရေးအဖွဲ့ဖြင့် နှစ်စဉ်ရွေးချယ် ဃးခဲ့ရာတွင် ယခုဆိုလျှင် (၁၄)ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ နှစ်စဉ်ဝတ္ထု၊ ဆောင်ပါ။ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများ ပြုလုပ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများကို ရွေးချယ် ဆုချီးမြှင့်ခဲ့သည့်အပြင် တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတဝတ္ထုဇာတ်စဉ်းပြိုင်ပွဲအဖြစ် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ဟု ခွဲခြား၍ ဆုများချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်က ဦးဆောင်တာဝန်ယူ၍ ထိုကဲ့သို့ စာပေဆိုင်ရာဆုအမျိုးမျိုးကို နှစ်စဉ်ရွေးချယ်၍ ဆုများကို ထိုကိုထိုကဲတန်တန် ချီးမြှင့်ပေးခဲ့သည်ပြင် စာဆိုရာသီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့ အကြိုစာအုပ်ဈေးပွဲတော် ဖွင့်လှစ်ရောင်းချခြင်း၊ အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့ခြင်းများကို နှစ်စဉ်မပျက်မကွက် ဆောင်ရွက်လျက်ရှိပါသည်။

မြင့်သိန်းအောင်

ယခုနှစ်တွင်မူ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ ဖြင့် နှစ်စဉ်မပျက် ဆောင်ရွက်ခဲ့သော စာအုပ်ဈေးပွဲတော်နှင့် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲအပြင် ဝတ္ထုရှည် မြန်မာ နှစ်တစ်ရာပြွပွဲကို စာအုပ် ဈေးပွဲတော် နှင့်အတူ ၂၂-၁၁-၂၀၀၃ ရက်နေ့မှ ၃၀-၁၁-၂၀၀၃ ရက်နေ့ထိ ကိုးရက်တိုင်တိုင် အထက်ဗိုလ်အောင်ကျော် လမ်းရှိ ပုံစံပုံစေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးချုပ် နေရာဖောင်း (ယခင်ရန်ကုန်ကုန်ဈေး အဆောက်အအုံ)၌ ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသရန် စီမံလျက်ရှိပါသည်။ ၁၉၀၄ ခုနှစ်က စတင်ထုတ်ဝေခဲ့သော မောင်ရင်မောင် မမယိမ ဝတ္ထုရှည်၊ ချဉ်ပေါင်ရွက်သည် မောင်ပို့ပင်၊ ဝတ္ထုရှည်များမှာ ယခုနှစ်တွင် နှစ်(၁၀၀)ပြည့်မြောက်ပြီဖြစ်သည်နှင့် အညီ ပြန့်ပြုလုပ်၍ ဂုဏ်ပြုလိုက်ခြင်းဟုလည်း ဆိုရမှာပင် ဖြစ်ပါသည်။ ထိုပြင် စာအုပ်ထုတ်ဝေခြင်းဆိုင်ရာ နှိုးနော ဖလှယ်ပွဲကိုလည်း စာဆိုစိမာန် အဆောက်အအုံရှိ စာဆန့်ကျင် စာနယ်ဇင်းခန်းမတွင် ကျင်းပသွား ဦးမည်ဖြစ်ပေရာ ယခုနှစ်အတွက် ထူးခြားသောစာပေ လှုပ်ရှားမှုအဖြစ် သတ်မှတ်ရမှာ ဖြစ်ပါသည်။

ထိုကဲ့သို့ စာပေပညာရှင်များအတွက် နိုင်ငံတော်က လည်းကောင်း၊ စာပေနှင့်စာနယ်ဇင်း အဖွဲ့ကြီးက လည်းကောင်း ကြီးမွှာ၍ စာဆိုရာသီတွင်ဆုများချီးမြှင့်ခြင်း၊ ပူဇော်ကန်တော့ခြင်းများနှင့် အတူ စာပေဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်စြာဖြစ်ပေါ်လာဆေးဖိုင်ရေးအတွက် စာပေလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြပေရာ စာပေပညာရှင်များ အနေဖြင့်လည်း ယခင်ခေတ်အဆက်ဆက်ကပင် နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို ရေးသူဦးတည်၍ စာပေတာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ ယခုအချိန်ကာလတွင်လည်း မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ဆောက်ကြရာတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာဖြင့် စာပေဖြင့် တာဝန်ကျေပွန်အောင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြပါ။ "အမျိုး၏ ဂုဏ်၊ ဓာတိဂုဏ်၊ စာပေဂုဏ်ကို ဖြင့်တင်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရည်အဆေးမြင့်မား သည့် အကျိုးပြု စာကောင်းစာမွန်များ ရေးသား ပြုစုခြင်းဖြင့် စာပေဆုများကို ဆွတ်ခူးရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် နိဝင်ဘာ ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခေတ်ညီးအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကြီးကြပ်ကွပ်ကဲနေသည့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငြေးမွေ့ စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်ဖြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ဓမ်ဘွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်း ငြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငြေးမွေ့ စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်ဖြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်သို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံများဖြင့် ခရီးသွား ပြည်သူများနှင့် ရန်ကုန်ဖြို့ တွင် နေစဉ်သွား လာလျက်ရှိသည့် ခရီးသွား ပြည်သူများနှင့် ရန်ကုန်ဖြို့ တွင် နေစဉ်သွား လာလျက်ရှိသည့် ခရီးသွား ပြည်သူများ၊ အဆင်ပြေ ချောမွေ့စွာသွား လာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငြေးမွေ့ စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငြေးမွေ့ စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွား ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်ဖြို့ ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ဓမ်ဘွန်းထိန်းများနှင့် တာဝန်ရှိသူများက ခရီးသွား ပြည်သူများ အဆင်ပြေ ချောမွေ့စွာသွား လာနေရှိမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အတွင်း ငြေးဆွဲလျက်ရှိသည် ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရှင်းလင်းတင်ပြကြသည်။

အမှာစကား ပြောကြား

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုပ်ငြေးမွေ့ စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်ဖြို့ တွင်း နေစဉ်သွား လာလျက်ရှိသည့် ဌာန ဆိုင်ရာ မော်တော်ယာဉ်များ၊ ကိုယ်ပိုင် ယာဉ်များ၊ တက္ကစီအင်္ဂ သားယာဉ်များ၊ ဓမ်ဘွန်းထိန်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲမှုများ၊ ယာဉ်မောက်တဆစ်ဖြစ်မှုများ၊ လျော်နည်းလာသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ယာဉ်မောက်တဆစ်မှု၊ ယာဉ်တိုက်ခိုက်မှုများ ဆျောနည်းလာစေရန် တာဝန်ရှိသူများက စည်းကမ်းဖောက် ယာဉ်များ၊ အား ထိရောက်စွာအရေးယူ ဆောင်ရွက်ရေး၊ ခရီးသည်တင် ဘတ်စ်ကားကြီးများ မှတ်တိုင်များတွင် သာခရီးသည်တင်ချပြုလုပ်ရေး၊ တစ်စီးနှင့် တစ်စီး ပြိုင်မောင်းရေး၊ ခရီးသွား ပြည်သူများ အပေါ် ရိုင်းပျစွာ ဆက်ဆံပြောဆိုမှုမရှိစေရေး ကြပ်မတ်ကွပ်ကဲကြရန်မှာကြားခြင်း လိုအပ်သည်များ ညှိနှိုင်း ဖြည်ဆည်းပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခြင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ စစ်ကိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး သာဓကဖွားခန်းကြည့်ရှု

ရန်ကုန် နိဝင်ဘာ ၂၂

ရှေးဦးစွာ ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ အဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပရာ အခမ်းအနား၌ အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးမြင့်ကြွယ် (ဆောင်မြင့်ကြွယ်)က ဆောင်ရွက်ပြီး စာအုပ်ဈေးပွဲတော် ကျင်းပရေးဥက္ကဋ္ဌ၊ ပုံပြဝေရေးနှင့်စာအုပ်ထုတ်ဆရာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း (မြင့်သိန်းအောင်) က စာအုပ်ပွဲတော် ကျင်းပရခြင်း အကြောင်းကို လည်ပတ်ကောင်း၊ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှဖြိုင် (ကိုဆောင်း)တို့က ဖဲကြိုးဖြတ်၍ စာအုပ်ဈေးပွဲထွာနှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လူဒါန်း

ယင်းနောက် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ပြခန်းတွင် ပထမဦးဆုံး မြန်မာဝတ္ထုရှည်ဖြစ်သော မောင်ရင် မောင် မယယ်မဝတ္ထုကို ဈေးခဲသည် စာရေးဆရာကြီး ဂျိမ်းစ်လှကျော်၏ ဓာတ်ပုံကြီးကို မြေးဖြစ်သူ မွန်မွန်ဂျိမ်စ်လှကျော်တို့က ပေးအပ်လူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဥက္ကဋ္ဌ ဦးလှဖြိုင်(ကိုဆောင်း)တို့က လက်ခံကြပြီး ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ပြခန်းတွင် ခင်းကျင်းပြသထားသော စာအုပ်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး စာအုပ်ဈေးပွဲတော်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စာအုပ်ဆိုင်များကို လိုက်လံကြည့်ရှုအား ပေးကြသည်။

ဈေးနှုန်းချိသာ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က နှစ်စဉ်စာဆိုတော်နေ့ အထိမ်းအမှတ် လူပ်ရှားမှုအဖြစ် စာအုပ်ဈေးပွဲတော်ကို ကျင်းပခဲ့ရာ ယခုနှစ်တွင် ကာလပေါ် မြန်မာဝတ္ထုရှည်နှစ်တစ်ရာ ပြည်ချိန်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ၁၉၀၄ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သော မြန်မာဝတ္ထုရှည် စာအုပ်များကို စုဆောင်းကာ ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲကိုပါ ခင်းကျင်းပြသထားပြီး စာအုပ်ဈေးပွဲတော်၌ လည်း စာအုပ်ဆိုင် ၅၈ ဆိုင်တို့က ဘာသာရပ်မျိုးစုံစာအုပ်များကို ဈေးနှုန်းချိသာစွာဖြင့် ယနေ့မှစ၍ နိုဝင်ဘာ ၃၀ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၁၃၆၅ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲ ပြခန်းတွင် ခင်းကျင်းပြသထားသောစာအုပ်များကို လှည့်လည် ကြည့်ရှုစဉ်။ (သတင်းစဉ်)

အမျိုးသားစာပေ အောင်ဆုခြွေ

* နှုတ်တစ်ရာ စာတစ်လုံးပါတဲ့
စာလုံးတွေ စီသွယ်လို့
ပန်းချီနယ် အလှတိုးစေဖို့
ကြိုးစားရှာမွေ ပြွေလိုက်ပြန်တော့
အမျိုးသားစာပေဆုကိုဖြင့်
သဟာဆွေတစ်စု ဆုရခဲ့ပြီ။

* အောင်အတိတ်ရယ်နဲ့
အောင်နိမိတ် ဆောင်ကာတည်တဲ့
အောင်ဌာနီ အောင်ပြည်သားတွေအတွက်
အားတက်မိသည်။

* စွမ်းအင်ဖြာ
ကျွမ်းကျင်ရာ လိမ္မာစဖြေပေမို့
အားခဲကာ ပြည်အကျိုးကိုဖြင့်
သယ်ပိုး စာပေဝန်ဠာ
ကျေပွန်စွာ အမျိုးသားရေး
နိုးကြားသွေး အားမာန်ချီ
ဆွတ်ချူပြီ အောင်ပန်း။

* ဝမ်းမြောက်ပါသည်
ကျွမ်းသလောက် စာစီလို့
မြန်မာပြည် သာစည်ရေးကိုဖြင့်
အလှတွေးကာ နှစ်ဆရေးကြွေမို့ရဲ့
"ဘေးမသန်းတဲ့ စံဌာန်"
"အေးချမ်းတဲ့ မြန်မာပြည်"
ကမ္ဘာအရှည် တည်အောင်မှန်းပါလို့
စာပန်းချီ ကလောင်စွမ်းတွေနဲ့
လမ်းပြသူ ကိုယ်စီဖြစ်ဖို့ရယ်(ကွယ်...)
အား သစ်လိုက်စမ်း။

(အမျိုးသားစာပေဆုရှင်များသို့ ဂုဏ်ပြုလျက်)

မြင့်မုမောင်နိုင်မိုး



ရန်ကုန်တက္ကသိုလ် စာတုဗေဒဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန် တက္ကသိုလ် စာတုဗေဒဌာနက ၂၀၀၃–၂၀၀၄ ခု တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာတုဗေဒ ဂျာနယ်ကို ထုတ်ဝေဖြန့် ချိလိုက်သည်။

(အပေါ်ဝဲ) ဤဂျာနယ်တွင် သင်ရိုးမာတိကာပါ သင်ခန်းစာအလိုက် အနှစ်သာရများ၊ နမူနာမေးခွန်းနှင့် အဖြေများ၊ ၂၀၀၃ ခုနှစ်တွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၊ စာတုဗေဒ ဘာသာရပ်၏ ဓမ္မခန်းနှင့် အဖြေများကိုပါ ဝေဆာစွာ ဖော်ပြထားသည်။ ဂျာနယ်များကို ရန်ကုန်တက္ကသိုလ် စာတုဗေဒဌာနတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် ဖုန်း– ၅၃၆၇၉၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

❍ အရည်အချင်းမြင့်မှ

ယခု ကျင်းတဲ့ ဒီဂရီကောလိပ်သည် လည်း အပါအဝင်ဖြစ်သည်။

ကျင်းတဲ့ဒီဂရီကောလိပ်ကို ၂၃–၄–၉၇ နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခုနိုင်ငံတော် ဝန်ကြီးချုပ်)က ပန်ကန်တင်ပေးခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရှမ်းအရှေ့)မှ တာဝန်ယူ တည်ဆောက်ပေးခဲ့သည်။

ကြေးမုံသတင်းအဖွဲ့ ကျင်းတဲ့မြို့သို့ ရောက်ရှိနေစဉ်အတွင်း ၂၁–၅–၉၈ ရက်နေ့မှ စတင်၍ ကျင်းတဲ့ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး အဖြစ် တာဝန်ယူ ဆောင်ရွက်နေသည့် ဓာတုဗေဒဌာနမှူး ဒေါက်တာသိန်းသိန်းဝင်း (ဒေါ်သိန်းသိန်းဝင်း) ဆုံးဖြတ် ကျင်းတဲ့ဒီဂရီကောလိပ်နှင့် ပတ်သက်၍ သတင်းဆောင်းပါး အဖြစ် ဖေးမခဲ့ရေးရသည်။

ကြေးမုံ – ကျင်းတဲ့ဒီဂရီကောလိပ်နဲ့ ပတ်သက်တဲ့ အချက်အလက်များကို ဆရာကြီး ပြောပြပေးပါခင်ဗျား။

ကျောင်းအုပ်ကြီး – ဟုတ်ကဲ့၊ အခက်အခဲပေါင်းများစွာ ကျော်လွှားပြီး နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူ အဆင့်ဆင့်ရဲ့ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ကျင်းတဲ့ကောလိပ်ရဲ့ Learning Centre နဲ့ တာရှိလိတ် အထကရှိ Learning Centre တွေမှာ ပြိုပ်တုဆက်သွယ်ရေးစနစ်ကို အခြေခံပြီး အီလက်ထရွန်နစ် အချက်အလက် လွှင့်ထုတ်မှု အစီအစဉ် (Electronic Data Broadcasting System) ကိုကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါတယ်။ ကျင်းတဲ့ကောလိပ်ကိုလည်း ၁၀–၇–၂၀၀၁ နေ့ မှာ ကျင်းတဲ့ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ပေးခဲ့ပါတယ်။ ဒီဂရီကောလိပ် ဂုဏ်အဂါနဲ့ ညီမျှတဲ့ ပါဓောက္ခများ၊ တွဲဖက်ပါဓောက္ခများ၊ ကထိကများ တိုးမြှင့်ခန့်ထားပြောင်း ရွှေ့လာခဲ့ကြပါတယ်။ ဒါကြောင့် ယခု အခါမှာ ကျင်းတဲ့ဒီဂရီကောလိပ်မှာ ပါဓောက္ခများ အပါအဝင် ဆရာ၊ ဆရာမ ၅၀ဦး ရှိလာပြီဖြစ်ပါတယ်။ သင်ကြားရေး အစီအစဉ်များအနေနဲ့ စနစ်သစ်နေ့ သင်တန်းများ ၁၉၉၉–၂၀၀၀ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများရဲ့ ပထမနှစ်သင်တန်းတွေ၊ ၁၉၉၆–၁၉၉၇ တက္ကသိုလ်ဝင်တန်းအောင် ဒုတိယနှစ် သင်တန်းတွေ၊ စနစ်ဟောင်းအနေနဲ့ တတိယနှစ်သင်တန်းဆွေ ဖွင့်လှစ်ထား ပါတယ်။ အထူးပြု ဘာသာရပ်များကတော့ မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ သချာ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒဘာသာရပ်များ သင်ကြားပေးပြီး အထောက်အကူပြု ဘာသာရပ်အနေနဲ့အင်္ဂလိပ်စာ၊ဒဿနိက ဗေဒ၊ အရှေ့တိုင်းပညာနဲ့ ဘူမိဗေဒ ဘာသာရပ်များ သင်ကြားပေးပါတယ်။ ပုံမှန် စာတွေ့၊ လက်တွေ့သင်တန်း အပြင် အား‌လပ်ချိန်သင်တန်း နေ့လယ် ပိုင်းတွေမှာ ကွန်ပျူတာသင်တန်း (Multimedia Power Point) သင်ခန်းစာ၊ အင်္ဂလိပ်စကား‌ပြောစတဲ့ သင်တန်း‌အစီအစဉ်‌တွေလည်း ဆောင်ရွက်‌ပေး‌နေပါတယ်။

နေ့သင်တန်း၊ ကျောင်းသား‌အနေနဲ့ ပထမနှစ်မှာ စုစုပေါင်း ၇၄ဦး၊ ဒုတိယ နှစ်မှာ ၆၉ဦး၊ တတိယနှစ် ၂၉ ဦး စုစုပေါင်း ၁၇၂ဦး ရှိပါတယ်။

ကြေးမုံ – ကျင်းတဲ့ဒီဂရီကောလိပ်ရဲ့ အီလက်ထရွန်နစ် အကြောင်းလည်း သိပါရစေ။

ကျောင်းအုပ်ကြီး – ကျင်းတဲ့ဒီဂရီကောလိပ်မှာ Computer Training Centre ခန်း၊ e-Education Learning Centre ခန်း၊ Multimedia Lecture Room ခန်း၊ Language Laboratory အခန်းများကို ပြုစုဖွင့်လှစ်ပြီး လိုအပ်တဲ့ ခေတ်မီအီလက်ထရွန်နစ် ကိရိယာ ပစ္စည်းများ ပြည့်စုံစွာဖြည့်တင်းထားပြီး ဖြစ်ပါတယ်။

ကျင်းတဲ့ဒီဂရီကောလိပ်မှာ လက်ရှိ အသုံးပြုနေတဲ့ IT Technology ပစ္စည်းများ Computer ၈၄လုံး၊ Printer ခုနှစ်လုံး၊ Copier လေးလုံး၊ Multimedia Projector နှစ်လုံး၊ Presenter တစ်လုံး၊ Screen သုံးခု၊ Scanner တစ်လုံး၊ Over head Projector တစ်လုံး၊ Language Lab ၄ခု စုံတဲ့ ဖြစ်ကြပါတယ်။

အဲဒီ‌ဖော်ပြပါ (IT) ပစ္စည်း‌များ‌ကို အသုံးပြုပြီး သင်ကြား‌ရေး‌ကဏ္ဍမှာ လည်း သင်ခန်းစာများ‌ကို ပိုမိုစိတ်ဝင် စား‌လာစေရန် Power Point သင်ခန်း‌စာများ‌ပြုစုပြီး Slide Projector များ‌ခဲ့လည်း သင်ကြား‌ပေး‌လျက်ရှိပါတယ်။ လူ့စွမ်း‌အား‌အရင်း‌အမြစ် ဖွံ့ဖြိုး‌တိုး‌တက်‌လာစေရေး‌အတွက် ကျင်းတဲ့ဒီဂရီကောလိပ် လူ့စွမ်း‌အား‌အရင်း‌အမြစ် ဖွံ့ဖြိုး‌မှုဌာန (Human Resource Development) က ၂၀၀၀ ပြည့်နှစ်မတ်လ‌အတွင်း‌ကအခြေခံ‌ကွန်ပျူ‌တာသင်တန်း‌၁/၂၀၀၀၊ Basic Computer Training Course 1/2000 ကို သုံးလတာ‌ကျွန် သင်တန်း‌သား ၁၂၀ဦး‌အား ပို့ချခဲ့ပြီး လက်မှတ်ချီးမြှင့်‌ပေး‌ခဲ့ပါတယ်။ မကြာမီလည်း (HRD) သင်တန်း‌အသစ်များ ထပ်မံတိုးချဲ့ နိုင်ရန် စီစဉ် ဆောင်ရွက်‌ဆဲဖြစ်ပါတယ်" ဟူ၍ ကြေးမုံကို အကျယ်တဝင့် ရှင်းလင်းပြောကြား‌သွား‌သည်။

ယ‌နေ့‌အချိန်‌အခါတွင် အေးချမ်း‌သာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အချင်းမြင့်မား‌သည့် လူ့စွမ်း‌အား‌အရင်း‌အမြစ်ဖွံ့ဖြိုး‌မှု အတွက် ကျင်းတဲ့ဒီဂရီကောလိပ်သည်လည်း စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်နေဖြိုဖြစ်ကြောင်း ကြေးမုံသတင်းဆောင်းပါးအဖွဲ့ ဆွေမြင့်ခဲ့ရပေသည်။ ။ **(ကြေးမုံ)**

ကျင်းတဲ့ဒီဂရီကောလိပ်ရှိ စာကြည့်တိုက်သည် ကျောင်းသား၊ ကျောင်းသူများ ပညာရှာနိုး‌ရာ ပညာဘဏ်တိုက် တစ်ခုအဖြစ် ဖွင့်လှစ်ထားရှိသည်။ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်ပြေ နဝင်းသစ်၊ ၁၀လမ်း၊ အမှတ်(၈/၈၉)နေ
အရာခံဗိုလ်မောင်လုံး(လျှပ်–စက်၊ ငြိမ်း)–ဒေါ်အေးတို့၏သား

ဗိုလ်ကြီးဇော်မျိုး B.Sc (D.S.A) တပ်မတော်(လေ) နှင့်

ရန်ကုန်ပြေ ဗိုလ်တထောင်မြို့နယ်၊ ၆၂ လမ်း၊ အမှတ်–၂၇ (၁/က)နေ
ဦးစိုးနိုင် (ဆောက်/လျှပ်ငြိမ်း)–ဒေါ်ထွေးကျင်တို့၏ သမီး

မအေးအေးနိုင် B.Sc (Chemistry)Q.,
D.C.Sc Dip in Japanese (YUFL) MRTV-3

တို့၏ ၂၂–၁၁–၂၀၀၃ နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ လက်ဆောင် ပေးပို့ချီးမြှင့်ကြသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ဇနီး၊ သမဝါယမဝန်ကြီး (အငြိမ်းစား)ဒုတိယဗိုလ်ချုပ်ကြီးတင်ဥေနှင်းဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ဆင်ခြေပေးသော ဗိုလ်မှူးချုပ်သိန်းမြင့်နှင်းဇနီး ဒေါ်မြင့်မြင့်ရီတို့အား လည်းကောင်း၊ ကြွရောက် ချီးမြှင့်အားပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာ အခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင် နှင်းရည်သန့်၊ မင်္ဂလာပန်းကြေးသော မမြတ်ကြေးမုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမြတ်ဖြူသဲ၊ သတို့သား သတို့သမီးအရံများဖြစ်ကြသော ဗိုလ်ကြီးသိန်းထွန်းဦး၊ ဗိုလ်ကြီးကိုကိုယု၊ မနီလာကျော်၊ မပိုပိုသိမ်၊ ဗီဒီယိုဖြင့်မှတ်တမ်းတင်ပေးသော ဦးနေလင်း(MRTV-3)၊ ဓာတ်ပုံမှတ်တမ်းတင်ပေးသော ကိုအောင်မျိုး (ယဉ်ကျေးမှု)၊ မေတ္တာဖြင့်ကူညီပေးသော မိတ်ကပ်နှင့်သတို့သမီးဝတ်စုံခင်စန်းဝင်းနှင်အဖွဲ့၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ ပေးပို့ကြသူများ၊ Yuzana Gardan Hotel မှ Manager နှင့် ဝန်ထမ်းများ အခန်းအနားတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေများ၊ MRTV နှင့် MRTV-3 တို့မှ အဖွဲ့သားများအား လုံးကို လှိုက်လဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်မျိုး–မအေးအေးနိုင်။

ကွန်ပျူတာဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ပေးနေ

ရန်ကုန် နိုဝင်ဘာ ၂၂

နောက်ဆုံးပေါ် ကွန်ပျူတာ အပိုပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ပြီး ကွန်ပျူတာများ ပြုပြင်ထိန်းသိမ်းခြင်းများကို Myanmar Technology Zone Co., Ltd. (T Zone)မှ ကျွမ်းကျင်သော Service Engineer များဖြင့် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

T Zone Software Development ကလည်း အရောင်းဆိုင်များ၊ စာသောက်ဆိုင်များ၊ ကုမ္ပဏီများနှင့် ဌာနများ၊ လုပ်ငန်းခွင်နှင့် အဝင်ခွင်ကျဖြစ်သော Customized Software အဖြစ် ရေးဆွဲရောင်းချပေးလျက်ရှိသည်။

ထို့ပြင် T Zone Training Centre မှလည်း Application Courses များနှင့် Programming Courses များကို အပတ်စဉ် တန်းဖွဲ့သစ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အခြားဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ စုစမ်းသိရှိလိုပါက အမှတ်(၁၄၆) အနော်ရထာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၅၁၅၅၄၊၂၅၈၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၂၄–၁၁–၂၀၀၃ (တနလာနေ့)

- ❑ – Budgetary Control (Sem I)
- – General Management (Sem I)
- – Statistics and Data Processing

၂၅–၁၁–၂၀၀၃ (အင်္ဂါနေ့)

- ❑ – Human Resource Management (Sem II)
- – Marketing Management / Public Relation (Sem II)
- – Social Marketing (Sem II)

၂၆–၁၁–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

- ❑ – Management Principles and Practices (Sem II)
- – Operations Research & Quantitative Models (Sem II)
- – Economics of Education (Sem II)

၂၇–၁၁–၂၀၀၃ (ကြာသပတေးနေ့)

- ❑ – Education Planning & Management (Sem III)
- – Strategic Management (Sem III)
- – Public Policy (Sem III)

၂၈–၁၁–၂၀၀၃ (သောကြာနေ့)

- ❑ – Human Development & Education (Sem III)
- – Information Technology (Sem III)
- – Trade Policies in Development Countries

၂၉–၁၁–၂၀၀၃ (စနေနေ့)

- ❑ – အဝေးသင်တက္ကသိုလ် ပထမနှစ်စီးပွားရေး ဧကျောင်းသူ၊ကျောင်းသားများအတွက် စီးပွားရေးသင်ခန်းစာများ

၃၀–၁၁–၂၀၀၃ (တနင်္ဂနွေနေ့)

- ❑ – အဝေးသင်တက္ကသိုလ် ဒုတိယနှစ်စီးပွားရေးကျောင်းသူ၊ကျောင်းသားများအတွက် စီးပွားရေးသင်ခန်းစာများ

မှတ်ချက် – အခြေအနေအရ သင်ခန်းစာထုတ်လွှင့်မှု အပြောင်းအလဲ ရှိနိုင်ပါသည်။

အင်္ဂလိပ်စကားပြောနှင့် သန္ဒါသင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျ မှန်ကန်စွာ ပြောဆို ရေးသား၊ တတ်မြောက်စေရန် ရည်ရွယ်၍ တက္ကသိုလ်ဝင်တန်းအောင်များ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရများအတွက် YES Language Centre မှ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English(B.S.E) သင်တန်းများကို နိုဝင်ဘာ ၂၄နှင့်၂၉ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အမှတ်(၁၁၉)၊ Y.W.C.A အဆောက်အအုံ၊ (ပထမထပ်)၊ ဘုံကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၅၁၁ သို့ ဆက်သွယ်စုစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

၁၃ဖြရုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြဝွဲ နှင့် စာအုပ်ဈေးပွဲတော်အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

@www.foreverspace.com.mm

၂၂–၁၁–၂၀၀၃မှ ၃၀–၁၁–၂၀၀၃ ပြပွဲရက်အတွင်း **Prepaid Deposit Card** များကို ၁၀% လျှော့ဈေး (ကျပ် ၃၀,၀၀၀)နှင့်အထက် ဝယ်ယူသူများကို ၁၅% လျှော့ဈေး)ဖြင့် အထူးရောင်းချပေးမည်ဖြစ်ပါသည်။

လက်ထပ်ပြိုးမီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ဘာလမ်းသွယ်၊ ခြံအမှတ်(၈)နေ
ဦးကြင်စိန်–ဒေါ်ရင်ကြည် တို့၏တူသား၊
မြင်ခြိုပြို၊ ကျိုက်ထီးရိုးလမ်း၊ အမှတ်(၈/၁၁ဂ)နေ
ဦးလှငွေ– (ဒေါ်ခင်ခင်မြ)တို့၏တစ်ဦးတည်းသောသား၊

မောင်မျိုးမြင့် B.Sc., (Physics)
Shwe Kyunn Myay Co., Ltd. နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊
အရွှေထူပါရဲ့(၉)လမ်း၊ အမှတ် (၁၃၅၁)နေ
ဦးစိန်ဝင်း–ဒေါ်တင်တင်ခိုင်တို့၏သမီးထွေး၊

မမိမိခိုင် B.Sc., (Botany)

တို့ကို နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်၌ လက်ထပ်ပြိုးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမြင့်–မမိမိခိုင်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကမ္ဘောဇောဏ်လိမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း–ကမ္ဘောဇောဏ်လိမိတက်ဒု–ဥက္ကဋ္ဌ
သီဟသုခမ္မသိင်္ဂီ၊ သီရိသုခမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုခမ္မသိင်္ဂီ
ဒေါ်နန်းသန်းထွေး(လှမ္မထူးဆွန်–ပထမဆင့်)
တို့၏တူသား၊
တောင်ကြီးမြို့နေ ဦးသန်းညွှန့်–ဒေါ်ခင်ခင်လှတို့၏သားငယ်

မောင်ဝေယံအောင် B.Sc(Physics)
Managing Director (INLAY Shoes Manufacturing Co., Ltd.)
နှင့်

ရန်ကုန်မြို့နေ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်း–ဒေါ်ညွှန့်ညွှန့်ဝေ
တို့၏သမီးငယ်

မတင့်တင့်စန် B.Arch., M.Arch.
လ/ထကထိက၊ ဗိသုကာဌာန၊ အစိုးရနည်းပညာကောလိပ်၊ သန်လျင်မြို့

တို့၏ ၂၂–၁၁–၂၀၀၃ရက်နေ့ Sedona Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ၁၉–၁၁–၂၀၀၃ရက်နေ့ Dusit Inya Lake Resort Hotel၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ်ဆောင်ရွက်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုး၊ ဆုမသြဝါဒကား ပြောကြားပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် လက်ဆောင်ပေးပို့ အသိအမှတ်ပြုကြသည့် အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ဝေယံအောင်–မတင့်တင့်စန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာပွဲတွင် အကူအညီပေးခဲ့ကြသော မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦးနှင့် ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးခဲ့သော ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော A1 ဦးစိုးမြင့် မင်္ဂလာတေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော အောင်အောင်နှင့်အဖွဲ့၊ သတို့သမီးဝတ်စုံ မမ္မဆွေနှင့်သိဂိရွတ်ပိုးထည်တိုက်၊ ရတနာဆင်ယင်ပေးသော ဦးဝင်းနိုင်–ဒေါ်စန်းစန်း၊ ပန်းအလှဆင် မလေးရှား သန်းမြင့်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူး၊ တက္ကသိုလ်စိန်ဝင်းနှင့် ရွှေအင်းသား ခင်မောင်ဝင်း၊ မင်္ဂလာပန်းကြေးသော နန်းမိုဟွမ်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော ခင်ခင်ယုမော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော အေးချမ်းမိုး၊ သတို့သား အရံ အာကာနှင့်ကမ္ဘာ၊ သတို့သမီးအရံ ဆုဝေမွန်နှင့်ပဒ္မမွာကျော်၊ Dusit Inya Lake Resort Hotel နှင့် Sedona Hotel ဝန်ထမ်းများ၊ အဘက်ဘက်မှ ပိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လုံးကို ကျေးဇူးတင်ရှိပါသည်။

မောင်ဝေယံအောင်–မတင့်တင့်စန်။

စံပြကွက် မိုးစပါးအောင်မြင်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

အင်္ဂပူ နိုင်ဘာ ၁၆

ရောဝတီတိုင်း အင်္ဂပူမြို့နယ် စိုက်တိုးမြှင့်အဖွဲ့ အတွင်း ရေးမူး မြို့နယ်မြန်မာစိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးနိုင်လင်း၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ ဝင် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးစိုးညွှန့်ဝင်းတို့သည် တာဝန်ရှိသူများလိုက်ပါ လျက် အောက်တိုဘာ ၃၀ ရက်က အင်္ဂပူမြို့နယ် မဲလေကုန်း စိုက်ပျိုးပညာပေးရေး စခန်းနယ်မြေ ဘုရားကွင်းကျေးရွာ အုပ်စု မြို့ထွက်စပြကွက်ဧက ၄၀၀ တွင် စိုက်ပျိုးထားသည့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများနှင့် တောင်သူလယ်သမားများ ကောက်စောစပါး ရိတ်သိမ်း နေခြင်းများကို ကွင်းဆင်းကြည့်ရှုသည်။

ဆွေးနွေးမှာကြား

ထို့နောက် တောင်သူလယ်သမားများအား စပါး ရိတ်သိမ်းရာတွင် အလေအလွင့်မရှိအောင် ရိတ်သိမ်းရေးနှင့် နယ်လှေ့ရေးတို့ကို ဆွေးနွေးမှာကြားသွားသည်။

(အောက်မှဲ့) (၁၉၁)

ဆက်ကာပ် လှူဒါန်း

ရောဝတီတိုင်း မြောင်းမြခရိုင် လှပ္ပတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများ၊ အသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများ ပူးပေါင်း၍ လပ္ပတ္တာမြို့နယ် သတ္တမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မဂ်လာအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က သာသနာ့ဓိမဂန်တော်ကြီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ရီက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြောင်းမြ အထက(၅) အာစရိယပူဇော်ပွဲ ကျင်းပမည်

မြောင်းမြ နိုဝင်ဘာ ၁၄

မြောင်းမြအထက (၅) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

— ဆက်သွယ်လှူဒါန်းနိုင် —

အလှူပစ္စည်းနှင့် အလှူငွေများကို ပူဇော်ပွဲဖြစ်ခြောက်ရေးကော်မတီများ ဖြစ်ကြသည့် ဦးနု (ရန်ကုန်) ဖုန်း- ၂၁၀၅၃၃၊ ဒေါ်လှဖေ (ရန်ကုန်) ဖုန်း- ၇၀၅၈၇၈၊ ၇၀၅၈၅၅၊ ဦးလှဖေ (ရန်ကုန်) ဖုန်း- ၇၀၅၈၇၈၊ ၇၀၅၈၅၅၊ ဒေါ်ရီရီဝင်း (ရန်ကုန်) ၂၅၁၃၃၂၃၊ ဦးမောင်မောင်စိန် (မြို့နယ်ပညာရေးမှူး၊ မြောင်းမြ) ဖုန်း-၀၄၂-၇၀၁၇၁ နှင့် ဦးမောင်မောင်ကျော် (ကျောင်းအုပ်ကြီး၊ အထက-၅၊ မြောင်းမြ)၊ ဒေါ်ခင်သက်နွယ် (ကျောင်းအုပ်ကြီး) အထက-၃၊ မြောင်းမြတို့ထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အောက်တိုဘာ ၃၁ ရက်က ဆီဆိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည့် အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်လွင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီသို့ လွှဲပြောင်း ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနှေ့ ကျင်းပ စာမိစာကိုး ဆုရရှိသူများအား ဆုများချီးမြှင့်

လားရှိး နိုဝင်ဘာ ၁၅

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို လားရှိးမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၊ ကမ္ဘာ့ခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေ၊ ပြည်နယ်ပညာရေးမှူး ဦးထိန်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေ့ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းကြည်က ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးအတွက် လှူဒါန်းမှုပြုသော အလှူရှင်များထဲမှ အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး အထိမ်းအမှတ် ကျော၊ စာစီစာကုံး ပြိုင်ပွဲဆုများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ (၅၃၃)

ပေးအပ်လှူဒါန်း

အောက်တိုဘာ ၃၁ ရက်က ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ ကိုယ်အားကိုယ်ကို စာကြည့်တိုက်သို့ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်များပေးအပ်လှူဒါန်းရာ ဒုတိယဦးစီးမှူး ဦးမောင်ကိုက ကျေးရွာမှ တာဝန်ရှိသူ ဦးသန်းဆွေသို့ စာအုပ် ၅၀၀ ပေးအပ် လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ဖားကန့်မြို့နယ်၌ ပေးအပ်

ဖားကန့် နိုဝင်ဘာ ၁၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်နိုင်ရန်အတွက် ဖားကန့်မြို့နယ် (လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) ဦးစီးအရာရှိ ဦးစိုင်းမြင့်အောင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၂၆ ရက်က ဖားကန့်မြို့နယ် နန့်ယားကျေးရွာအုပ်စု၊ ကပ်မော်စွပ်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ဆေးခဲ့သည်။

(စာပေနှင့်စာနယ်ဇင်း)

မန္တလေးတိုင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုဝေးပြီး၍ နိုဝင်ဘာ ၁၀ ရက်က မြို့ရှုခ်ကွက်ရေခြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် စွန့်ပစ်အညစ်အကြေးများ ကင်းရှင်းသန့်စင်ရေးအတွက် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးမြည်မိုးတို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုဆပေါင်း ဆောင်ရွက်ကြစဉ်။ (၃၃၁)

မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၁၆

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးနှင့် ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနား ဖြစ်ပေါ်လာပုံကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ (၃၆၅)

လက်ထပ်ပြီးနှီးခြင်း

ကျောက်တန်းမြို့၊ စံချိုနှံမှိရပ်ကွက်၊ ရှိမြောင်လမ်းနေ
(ဦးလှမောင်)-ဒေါ်နီနီတို့၏သား၊

မောင်စန်းလွင်ဦး

နှင့်

ရန်ကုန်မြို့၊ ဘောက်ထော်၊ အဆရာလမ်းနေ
ဦးဉာဏ်လင်း-ဒေါ်ခင်သိန်း၀င်းတို့၏သမီး

မမိမိဉာဏ်လင်း

တို့သည် နှစ်ဖက်သောမိဘများဆွေမျိုးများ၏ ခွင့်ပြုချက်အရ ၂၀-၁၁-၂၀၀၃ရက်နေ့တွင် လန်ဒန်မြို့ ခရိုင်တရား၌ လက်ထပ်ထိမ်းမြားခဲ့ကြပြီးဖြစ်ပါသည်။

ခရိုင်တရား၌ သွားခဲ့ရာ မင်္ဂလာလက်ထပ်စာချုပ်ရေးထိုးပြီး ၂၃-၁၁-၂၀၀၃ ရက်နေ့တွင် လန်ဒန်မြို့ သာသနာ့ရဲသိဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဦး ဆွမ်းကျွေးခဲ့ ပြည်ခဲ့ပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စန်းလွင်ဦး-မမိမိဉာဏ်လင်း။

ကိုယ်စားပြု၊ Department of Export Promotion Ministry of Commerce မဲ့ကြီးများကြီးစားသော

Thailand Exhibition'2003

ထိုင်းကုန်စည်မြို့ပွဲကြီး

THAILAND

ဒီဇင်ဘာလ ၁၀ ရက် မှ ၁၃ ရက် အထိ

ကုန်သွယ်မှု ဗဟိုဌာန၊ အထက်ပုဇွန်တောင်လမ်းမကြီး ၊ ရန်ကုန်မြို့

- ပြပွဲကြီးကို ဒီဇင်ဘာလ ၁၀ ရက် နှင့် ၁၁ ရက်အားဝီယုန်းနေ့ပုပ်ပန်းရှုင်များ။
- ကုန်သည်ကြီးများ လေ့လာရန်အတွက်သာ ဖွင့်လှစ်ထားခါသဖြင့် အဝင်ပါနေ့ အဝတ်ဂိုဏ်ရှင် လက်မှတ်များအား အောက်ပါ ဂိုဒေါင်များတွင် ဆက်သွယ်နိုင်ပါသည်။ ။ အခန့် ထုတ်ယူနိုင်ပါသည်။

TTF (Yangon) Co.,Ltd: ဝမှတ် ၇၆၊ ဗိုလ်ချိုင်ကပေါ်လေ့ကမ်း၊ ဗိုလ်ဝင်းတောင်ပိုင့်ရွာ နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၂၇၇၃၃၇ ၂၇၇၃၃၇ ၂၇၆၂၇ ၈၀၆(၆)- ၂၇၇၃၇ email : ttf@mptmail.net.mm

ရောင်း/ဝယ်/ငှား

၁၇(ဆိပ်ကမ်း)မြို့နယ်၊ ယုဇုဥယျဥ်မြို့ ထောင်ရှိ တိုက်ခန်းများ၊ ရောင်း၊ ဝယ်၊ ငှားလိုပါက ဖုန်း ၀၁- ၅၅၃၀၆၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀၈/၁၂၄၇ မော်ဆော်ယာဉ်ဝယ်ယူရန်ရှိသူမ မော်ဆော်ယာဉ်မှတ်ပုံတင်အမှတ်(ကမ-၃) မိတ္ထလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယခု မူဒရှိ ၁၄ ရက်အတွင်း ကုန်းလမ်းပိုဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ထိုင်ဦးရုံးချုပ်(ပဲခူး)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညှ။ ရန်ကုန်တိုင်း။

အမျှားသိစေရန်

ကျွန်မ ဒေါ်ရိုရိုအေး- [၁၂/အစန(နိုင်)၀၃၀၆၇၄]နှင့် ခင်ပွန်းဖြစ်သူ ဦးလှကိုကို[၁၂/လမန(နိုင်)၀၂၇၄၇] တို့သည် စီတံသဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ မည်သည့်မှ သက်ဆိုင်ခြင်းမရှိဆောပါကြောင်းနှင့် နောက်နောင်တွင် ငင်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။မေးမြန်းခြင်းသည်ခဲပါ။ **ဒေါ်ရိုရိုအေး။**

ပခင်အမည်ပျက်မှန်

ကျောက်တန်း- အထက(၁)၊ နဝမ တန်း(A)မှ မမြတ်မွန်သန်း၏ ဖခင် အမည်မှန်မှာ ဦးရွှေဝင်းဖြစ်ပါကြောင်း။

ဦးရွှေဝင်း။

(၅၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေကြီး ဦးတင်အေး (အငြိမ်းစား၊ ယူဘအုပ်)နှင့် ခွစ်မေမေကြီး ဒေါ်အေးရင် (ကနောင်ဖြို့)တို့၏ (၅၅)နှစ်မြောက် မင်္ဂလာနေ့တွင် စီတ္တသုခ၊ ကာယသုခနှင့်ပြည့်စုံပြီး အသက်ရာကျော် ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

သားကြီး-ဦးတင်ထွန်းအောင် (ရေနေရွာပဲရုံး၊ အငြိမ်းစား)
သမီးကြီး-ဒေါ်နီနီဝင်း (မြန်အောင်၊ ပေါင်းတည်၊ ပြည်)
သမီးလတ်-ဒေါ်ခင်သီတာအေး (B.Sc Physics, Dip in French I.F.L) PREMIER DEGREE (SORBONNE UNIVERSITY , PARIS) (နီနီယာပြင်သစ်ဘာသာပညာလမ်းညွှန်)
သားလတ်-ဦးမျိုးညွှန့်အောင် (ရေလမ်းထိန်းသိမ်းရေးတိုင်းအင်ဂျင်နီယာရုံး၊ ပြည်ဖြို့)
သားငယ်-ဦးလှကြီးချိုကွန်းအောင် (ဥယ္ယာပန္ထး၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံဖြို့)
သမီးငယ်-ဒေါ်စန္ဒာအောင် B.Sc Physics, M.Sc (Q)ကွန်ပျူတာ လုပ်ဆောင်ရေးမှူးဟောင်း၊ ယခင်သင်တောရေရာဝန်ကြီးဌာန
သားထွေး-ဒေါ်ဝေသူရအောင် B.A Burmese, Licensed Tour Guide (Dip in English)

အဂ်လီဝ်၊ စဝိန်ဘာသာစည်ပေါ်လမ်းညွှန်တို့နှင့်သမက်များ၊ ချွေးမများ၊ မြေးများ။

အမှတ်(၇)၊ အင်္ဂပုလမ်း၊ စမ်းချောင်းမြို့နယ်။

လက်ထပ်ပြီးနှီးခြင်း

ဟသံတမြို့၊ အမှတ်-၁၁၊ နတ်မောလမ်း၊ ပန်းဘဲတန်းရပ်နေ ဦးကျော်စိန်-ဒေါ်စမ်းမြတ်၏ စတုတ္ထသား

မောင်တင့်လွင် B.E (Civil) နှင့်

ရန်ကုန်မြို့၊ တိုက် ၂(ဘီ)၊ အခန်း-၄၀၄၊ ရတနာမုန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ လှိုင်ရပ်ကွက်နေ ဦးခင်မောင်ဆွေ-ဒေါ်ခင်ကြိုင်တို့၏သမီး-ထွေး

မမြိုင်မြိုင်ဆွေ B.A (History) Credit Diploma in General Nursing & Midwifery Enrolled Nurse (S'pore)

အထက်တန်းသူနာပြုဆရာမ၊ ရန်ကုန်ဆေးရုံကြီး

တို့သည် ၁၉-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် မင်းကွန်းတိုင်ရင်းကျောင်းတော်ကြီးတွင် မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင့်လွင်-မမြိုင်မြိုင်ဆွေ။

ပြိုလွှင်ကိုယ်တိုင်ကိုယ်ရည်ပြိုလွှင်ဆေးရုံတွင် အရည်အသွေးကောင်းမွန်သော

တာဂျင်းဖြူများ ဆေးရုံသုံးဆေးဝါးများ ဓာတ်မှန်ရိုက်ခြင်း ဓာတ်ခွဲခန်း ကျွမ်းကျင်သော ဆရာဝန်များ ကုသမှုစရိတ်သက်သာခြင်း ဆေးရုံတွင်းတွင် ဆေးဝါးများ ရရှိနိုင်ခြင်း ဆေးရုံတွင်းတွင် ဆေးဝါးများ ရရှိနိုင်ခြင်း

ဆက်သွယ်ရန်- ၁၂၊ ဗိုလ်ချိုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၈၈၀၀၅

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ၈/၂၁၀၀ (ကမ-၁)တွင် အမည်ပေါက်သူမှ မော်တော်ယာဉ် မူတိုဝုတ်စာအုပ် (ကမ-၁) မိတ္ထလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြေငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းဝိုဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ထိုင်ဦးရုံးချုပ်(ပဲခူး)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညှ။ ထိုင်ဦးဦးစီးမှူး(ပဲခူး)။**

(၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

ဗိုလ်မှူးသုတဏ်[တပ်မတော်(ရေ)]နှင့် မစုလှိုင်၀င်း၊ [Manager, Fortune Int'l Ltd]တို့၏ ၂၃-၁၁-၂၀၀၃နေ့တွင် ကျရောက်သည့် (၅)နှစ်ပြည့်မင်္ဂလာနေ့တပတ်လည်နေ့မှသည် သက်ဆုံးတိုင်မျော်ရွင်ခွန်းမြေနိုင်ပါစေ---။

ကိုမြတ်နိုး-မနိုး၊ မဖြိုး၊ ကျော်နိုး-နုချို၊ မောင်လေးနှင့်တူ၊ တူမများ။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ထူး၀င်း(ဖေ(၅)ကိုထူး[၁၂/ဗဟန(နိုင်)၀၈၄၆၇၅]နှင့် ကျွန်မမခင်ကေသွယ်(၅) ရွှေ၀င်လင်(၁၂/ကမရ(နိုင်)၀၅၆၂၄၁၁)တို့သည် မရမ်းကုန်းမြို့နယ် တရား၌ရှေ့ခွန်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်ထူး၀င်း(ဖေ(၅)ကိုထူး-မခင်ကေသွယ်(၅)ရွှေ၀င်လင်။

ဧရာစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ မင်းရပ်နေ
ဦးလှဒင် (မြို့နယ်ပညာရေးမှူး၊ ဝန်ထမ်းမြို့)-ဒေါ်တင်ဦးတို့၏သား-

Dr ထိန်လင်းအောင် M.B.,B.S

(မိတ္ထီလာပြည်သူ့ဆေးရုံ) နှင့်

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်နေ
ဦး၀င်းလွင် **(EASTWIND SHIPMANAGEMENT PTE,LTD)**-ဒေါ်နီလာလွင်တို့၏ တစ်ဦးတည်းသောသမီး-

မယမင်းစုလွင် Final Year,English (MUFL)

တို့သည် ၂၀-၁၁-၀၃ နေ့တွင်နစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း-

နှစ်ဖက်သောမိဘများနှင့် Dr ထိန်လင်းအောင်-ယမင်းစုလွင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာဧရိယာကော်မတီ ပန္နဒီသံဃာတော်များ၏ ၈၀/၁၀၀အမျိုးအစား ကတ္တရာတန်ချိန်(၁၀၀၀)တန် ပေးသွင်းရန် ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းသုံးအတွက် ၈၀/၁၀၀ အမျိုးအစား ကတ္တရာတန်ချိန်(၁၀၀၀)တန်ကို ပုံးဖြင့်ဖြစ်စေ၊ အရည် (Bulk Bitumen) ဖြစ်စေ ဝယ်ယူရန် ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၁-၂-၂၀၀၃နေ့ (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုလျှင် ၅၀၀/-(ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဘဏ်ရုက်နှင့် ငွေစာရင်းဌာန၊ ပဋ္ဌာန်းယာယီရုံးတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၇၃၄၊ ၂၄၈၁၁၂ လိုင်း-၆(၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ - ၂၀၀၄
(Myanma Rice Milling Industry Fair - 2004)

ဆန်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျွန်ုပ်တို့ ဆန်စက်ပိုင်ရှင်များ၏ ဆန်စက်ပစ္စည်းများ၏ ဆန်စက်ပစ္စည်းအပိုပစ္စည်းများ၏ ဆန်စက်ပစ္စည်းအပိုပစ္စည်းများ၏ ဆန်စက်ပစ္စည်းအပိုပစ္စည်းများ၏

Developing rice milling technology for nation's benefit

စီးပွားရေးနှင့်လူမှုသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းပြီး ၂၀၀၄ ခုနှစ် ဧပြီလ၁၆ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ ရွှေသင်္ဃန်းဆန်စက်မှုခရိုင် ကြိုင်းသာယာဇုန်ဟောင်းတွင် ဆန်ပြပွဲသည်ကြီးကျယ်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယင်းပြပွဲသည် ဆန်စက်ပစ္စည်းကိရိယာများ၊ ဆန်စက်ပစ္စည်းအပိုပစ္စည်း

ပလတ်စတစ်ကုန်ကြမ်းအဝယ်တင်ဒါ

၁။**ဝယ်ယူမည့်ပစ္စည်းများ**–ပလတ်စတစ်ကုန်ကြမ်းအမျိုးမျိုး
၂။**တင်ဒါပိတ်ရက်** –၂၈–၁၁–၂၀၀၃ရုက်နေ့
၃။**အချိန်** –၁၄:၀၀နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် ရုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းနံပါတ်

မြန်မာဆေးဝါးနှင့်အိမ်သုံးပစ္စည်း	
လုပ်ငန်းရုံးချုပ်	**၅၆၁၃၉၁**
၁၉၂၊ ကန္တာအေးဘုရားလမ်း	**၅၆၁၇၁၅**
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	**၅၆၁၇၁၆**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလမ်း၊ အမှတ် (၆၈) ခေါ်သိန်ဟံ၊ ခေါ်ခင်လိုင်အမည်ပေါက် 30'X60' နှစ်(၆၀)ကျန်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် မြေဝယ်ဖို့ ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကိုနှုန်းတင်သက်၍ ကန့်ကွက်ရုံရှိပါက ထိုနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူရှိက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ထွန်းကြားချက်အရ–

ဦးလှသွင် LL.B
ထရားရုံးချုပ်ရှေ့နေ
အမှတ်–၇၈၃/၈၊ ဆေးရုံလမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့။

ဆွဲကောင်

ဘုံ (သား)ငြိမ် အဆူးထိတ်

ကြိုဆိုလိုက်ပါတယ်

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန၏ တတ္တိသိလ်ဝင်္ကန်း(အရှေ့ပေါက်တန်း)အဆင့် ရူပဗေဒဂျာနယ်(၂၀၀၃–၂၀၀၄) အထူးထုတ် မကြာမီထွက်တော့မည်။ ကြိုတင်မှာယူထားမှ စိတ်ချရမည်။ ဆက်သွယ်မှာကြားရန် – ရူပဗေဒအသင်း(ရုံးခန်း) ရူပဗေဒဌာန၊ရန်ကုန်တက္ကသိုလ်။

သင်္ဘော်
စားသောက်ဆိုင်များ၊ ကိုယ်ပွား ပြည်ပသားများအား သင်္ဘောပေါ်တွင် ထိုင်းသစ်စားကုန်များဖြင့် **ZN SATELLITE GROUP** Tel: 727548

ခွင့်ပြုလိုက်ပါစေတော်

INVITATION TO TENDER

1. Sealed Tenders are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of 5,000 Metric Tons HSD (Gas Oil Regular 0.5 %).
2. Tender Closing Date (27-11-2003)at 12:00 Noon.
3. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise,No.23, Min Ye Kyaw Zwa Road, Yangon, during Office hour commencing (24-11-2003)on Payment of one hundred (100)FEC (or) USD per set.
4. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

ငြိမ်းချမ်းစေရေး

TV, VIDEO, DVD. VCD
များကိုအိမ်အရောက်ပြင်ပေးသည်။
အမှတ်(၄၁)၊ သမ္မာမိဠိလမ်း၊
ကျောက်မြောင်း၊ Ph: 548197

လူပျောက်ကြော်ငြာ

ဦးအောင်ဖေ–ဒေါ်ဆယ်မိတို့၏သမီး ကျွန်တော်၏ ဇနီးဖြစ်သူ မဝင်းကြည်(စ/မမန(နိုင်)၁၇၉၃၁၂)သည် ဇနီးမိမှ မိမိသဏ္ဌာန်အလျောက် ဆွဲထွေလက်ဝတ်ရတနာများ၊ ငွေ အိမ်မြေ စာရွက်စာတမ်းများ၊အရေးကြီးသည့် စာရွက်စာတမ်းများပါ ယူဆောင်ပြီး ထွက်ခွာသွားပါသဖြင့် ဆွေမြိုက အကြောင်းကြားပါ။ သွေးဆောင်လက်ခံထားသူများ၊ အာ၊ ဥပဒေအရ အရေးယူမည်။ **ကိုမောင်မောင်ဦး**
(အနိုင်ဝိုင်းအိမ်ခိုအိ၊–၁၂၉၄၈၈)
တာနီလီဖုန်းမြို့။

စက်မှုစွမ်းအား ခေတ်ဓကျာ်လွှား
ဖြည်တွင်းဖြစ်ကိုအားပေးပါ
ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သီးနှံပေါ်ချိန်ရှိ အထူးအခွင့်အရေး

Viva 110

- မြန်မာနိုင်ငံတွင်ရောင်းနှိုးမြှင့်နှံထုတ်လုပ်သည့်မော်တော်ဆိုင်ကယ်ဖြစ်ပါသည်။
- နိုင်ငံတော်အစိုးရ၏ တရားဝင်ပံ့ပိုးမှုဖြင့် တရားဝင် မှတ်ပုံတင်နိုင်သည့်တစ်မျိုးတည်းသော မော်တော်ဆိုင်ကယ်ဖြစ်ပါသည်။
- အရည်အသွေးနှင့် စွမ်းအားမြင့်မားပြီး ရေရှည်ကုန်ကျစရိတ်ကို ပိုမိုသက်သာစေပါသည်။
- ၁၀၀၀၀ ကီလိုမီတာ (သို့မဟုတ်) တစ်နှစ်အတွက် အရည်အသွေး အာမခံကို စက်ရုံမှတာဝန်ယူပါသည်။
- စစ်မှန်သောအငိုပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းမှုအား၊ မြန်မာနိုင်ငံအနှံ့ရှိတရားဝင်ကိုယ်စားလှယ်များမှတစ်ဆင့် စနစ်တကျပံ့ပိုးပေးလျက်ရှိပါသည်။
- တန်ဖိုးမြင့်ကိုယ်ပိုင်စုဆောင်းပစ္စည်းတစ်ခု အဖြစ်လည်း ပိုမိုအလုံးတည့်နိုင်ပါသည်။

SAVER 4 ENGINE

အသေးစိတ်အစီအစဉ်ကို တရားဝင်ဆုပ္ပကီး ကိုယ်စားလှယ်များနှင့်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

SPA မော်တော်ဆိုင်ကယ်လီမိတက်	မာဏဂျန်ရီ ရောင်းရေးမေနေ့	TTT မော်တော်	SPA (မြောက်) ဦးဝင်းနိုင်	TTT မော်တော် (မြောက်)	SPA (ဟင်္သာတ) ဦးညွှန့်ပိုင်
၁၅၇၃၊ လမ်းမ (၃၂၂-၃၀၆ကြား)	၉၀၅၅ ပိုလိတ်ဆွယ်အောင်ဆန်းလမ်း	ရွှေပြည်–မုံရွာလမ်း	A-2 ရောတော်ရိပ်သာ	ရွှေဆံတော်ဘုရားကိုတန်း (၉)	၁၅၇၃ပိုလ်ဆွယ်အောင်ဆန်းလမ်း
ရုံးဆောင်အောက်ခန်းများ၊ ရွှေထပ်ရှိ	ရွှေပြည်မုံရွာတိုင် ကျည်းနောက်ရှိ	ပံ့ပုံရှိ	ပြည်–ရန်ကုန်လမ်း၊ ပြည်ဘိုရှိ	ပိုလ်ဆွယ်အောင်ဆန်းလမ်း၊ ပြည်ဘိုရှိ	မုံရွာဘိုရပ်၊ ဟင်္သာတမြို့
ဖုန်း - ၀၆-၂၃၂၅၁	ဖုန်း - ၀၆၇-၂၁၀၉၆	ဖုန်း - ၀၆၉-၂၀၀၃၁	ဖုန်း - ၀၁၄-၂၂၇၉၀	ဖုန်း - ၀၁၄-၂၁၀၀၈	ဖုန်း - ၀၁၄-၂၁၀၉၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သဘာဝတွင်းခန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃ဖြစ်ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သဘာဝတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်အသည် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များမှာ တက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲထွင် သင့်တော်သည့်အခြေခံရောင်းရေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရင်းများအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းရေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရေငွများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အထွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းရေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်မိမိမ်းတူးဖော်ရေးဌာန(လုံးခေါင်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခမ္ဘီး၊ မိုင်းရုံးမြို့များတွင် အခြေခံပြည်သူကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စစ်ဆေး/ရုံး)များနှင့် ဆက်သွယ်စစ်ဆေး ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရတွင် လမ်းခရီးပို့ အခက်အခဲရှိပါက အထက်စာပိုဒ် (၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြား:ရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

VILAS
Beauty Salon
ကျမ်းမြင်မြင်နှင့် အထူး...
အမှတ် ၁၀၂ ပထမထပ် Yuzana Business Tower၊ မရွေတော်လမ်း၊
ရန်ကုန်။ Tel: 707785
ဆိုင်ဖွင့် မွန်ညို
အမှတ်တရ
၆. ၁၁. ၂၀၀၃ မှ
၆. ၁၂. ၂၀၀၃ ထိ
20% Discount

သင်ရွေဆိုင်ဖွင့်လိုပါသလား?
သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်ဖြောက်လိုသူများ-အတွက်

(၁)ရွှေထည်၊ ကျောက်ထည်ရောင်းနည်း:
(၂)ရွှေထည်၊ ကျောက်ထည်ဝယ်နည်း:
(၃)ရွှေထည်၊ ကျောက်ထည်အပေါ်ခံနည်း:
(၄)ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း:
(၅)ရွှေမှတ်ကျောက်ရည်ခွဲနည်း:
(၆)ရွှေအတု၊ အစစ်ခွဲနည်း:
(၇)ရွှေဈေးကွက်နည်း(သို့)ရွှေအခေါက်အဖြစ်သန့်စင်နည်း၊စသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦး အနေနှင့်သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ (၁)ဝန်းအပြတ် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည့်အထိ ကုသြိလေးငွေ ရွှေဆိုင်ဖွင့်ပြီးသူတိုင်း အမွေတိုက်ရိုက်ပေးမည်။ သင်တန်းသား/သူ၊ သင်တန်းသားတိုင်းအတွက် ရွှေရည်မွှေရွေထည်၊ ကျောက်ထည် ပစ္စည်းများကို ပန်းထိမ်နှစ်ထား:အတိုင်း ရောင်းချပေးနေပါကြီး။

သင်တန်းချိန် –နံနက် ၁၀:၀၀နာရီမှ ၁၁:၃၀နာရီထိ (သို့)
–ညနေ ၄:၀၀ မှ ၅:၃၀ထိ

သင်ကြားမည့်ရက် –တနင်္လာနေ့မှ သောကြာနေ့ထိ

ဆက်သွယ်ရမည့်လိပ်စာ–သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစကိုး
အမှတ်–၂၆၅၊ ပြည်လမ်းနှင့်ဗဟိုလမ်းဆုံရောင်း၊ စမ်းချောင်းမြို့နယ်၊
မြေဖို့ကုန်းမြို့ပွဲင်းအနီး၊ ဖုန်း–၅၂၅၇၇၉၊ ၇၂၄၂၇၆၊ ၅၀၅၆၆။

ရောင်းချမည့်အကြောင်းကြေငြာစာတွဲပါရှိရန်အကြောင်းအရာများကိုစီစဉ်သတ်မှတ်နှိုးဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဝဉ်ပေးအေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဒေး:ခရိုမြို့ နယ်တရားမရုံးတော်၌
၂၀၀၃ ခုနှစ်၊ ဇွန်လအုပ်တော်–၃
၂၀၀၀ ခုနှစ်၊ တရားကြီးမှုအမှတ်–၃၀

ဒေးဦးလုတင်၊ ။မေတင်မိုးခိုင် နှင့် ဒေးဦးဟုတ်ဘက်၊ ။မေသန်းသန့်ဝင်း

ဒီကရိရည္ယ **တရား:ရှုံး**

တရား:ရှုံးဦးဟုတ်ဘက်၊ ဒေါ်သန်းသန့်ဝင်း အမှတ်–၂၂၇ မင်းရဲကျော်စွာလမ်း သီဧရမြေပြန်၊ အောင်မင်္ဂလာရပ်၊ အမှတ်(၁)ရပ်ကွက်၊ ဒေး:ခရိုမြို့ အထက်အမည်ပါအမှတ်ငှင် တရား:ရှုံးပိုင် အောက်ပါပစ္စည်းများကို ရောင်းဈေးမည့် အကြောင်း ဒီကရိရည္ယ ၁။ဦးလုတင် ၂။မောင်မိုမိုခိုင်တို့က လျှောက်ထားသောကြောင့် သင်သိစေရန်အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကိုစီစဉ်သတ်မှတ်ရန် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ်၍မတည်ရှိ ၁၀၀ ရာဒီအချိန်ရှိနှင့်ဆိုင်ငှင်ရမည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတော်တဆိပ်ရိုက်ပိုပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး၊ ထုတ်ပေးလိုက်သည်။

ခင်ရွှေဝင်း (တ/၁၈၉၆)
မြို့နယ်တရားသူကြီး
ဒေး:ခရိုမြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းဌာ
လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ–၃၇၃)
ရန်ကုန်တိုင်းတရား:ရုံးတော်၌
၂၀၀၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၃၄၇

ကွယ်လွန်သူ ဦးလွမြင့်(ခ)ဒေါက်တာလွထွဋ်လွင့်၌ ကျန်ရှိရရှိသောပစ္စည်းအကြောင်း။

ဒေါ်အင်းလွင်(ခ)ဒေါ်ဖြူဖြူဆို(ခ)ဒေါ်လီဆို့ထွန်း **လျှောက်သူ**

ရုံးကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်ခြံလမ်း၊ မြဲသိရိုလမ်းသွယ်၊ အမှတ်(၁၁/ဘ)၌ နေထိုင်သူ ဦးလွမြင့်(ခ)ဒေါ်ဖြူဖြူဆို(ခ)ဒေါ်လီဆို့ထွန်းက ကွယ်လွန်သူ ဦးလွမြင့်(ခ)ဒေါက်တာလွထွဋ်လွင့်၏ ဇနီးဖြစ်သည်ဟူ၍ ရုံးကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်ခြံလမ်း၊ မြဲသိရိုလမ်းသွယ်၊ အမှတ်(၁၁/ဘ)၌နေ ဦးလွမြင့်(ခ)ဒေါက်တာလွထွဋ်လွင့်မှ ကျန်ရှိရရှိသော ပစ္စည်းပိုင်းကိရရှိုင်းသကြေးမြှောက်ရာ တောက်ခေါင်ရန် အဆွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်ခံရပိုကြောင်း ဤရုံးသို့ လျှောက်ထား ခွတို့ရှိသည်ဟု၍ ထိုသို့သောလျှောက်ထားကြောင်းကို အများသူတို့ သိကြောင်းကြေငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလွမြင့်(ခ)ဒေါက်တာလွထွဋ်လွင့်နှင့် မှာကျန်ရစ်သော ပစ္စည်းများအပေါ် ဆိုသို့သောလျှောက်ထားကြောင်းကို စိစစ်ဆုံဖြတ်လိမ်မည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ (၁၃)ရက်နေ့ ဤရုံးတဆိပ်ရိုက်ပိုပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး၊ ထုတ်ပေးလိုက်သည်။

ဥာဏ်ဝင်း၊ တွဲကိတ်ဦး:တရား:သူကြီး(ဘ၁)၊
ရန်ကုန်တိုင်းတရား:ရုံး။

ကမ္ဘာ့မာရေးနှင့် အထူးသင်္ကေတမာ
ကယ်ပန်း ဆုံဆီ (ဆိပ်ကမ်းဆီစစ်ဆေး)
- သစ်ဆေးဆိုင် စစ်ဆေးကြောင်း ထုပ်ဆားမင်းဆိုင်း
- နှစ်ကြောကောင်းနေ့နှင့်ပြင် သစ်ဆေးဆိုင်ကိုလျှို့ဝှက်ဆေးဆိုင်
- (၅) ဝိသေးမင့်ဆေးဆိုင်ဆိုင်း

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သမ္မာဥဩဒိုလမ်း၊ အမှတ်(၅၃)နေ ဦးလှဆောင်း[၁၂/တမန(နိုင်)၀၃၃၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သီတာလမ်း၊ အမှတ်(၆၇)၏ (၃–ထွာ)၊ (ခေါင်းရင်းခန်း)၊ (15'x60') အခန်းမှာ ကျွန်ုပ်၏အုပ်ချုပ်ခွင့်ရှိသော ဦးလှစောခိုင်က အနုမတိရိုက်တာ ဦး၀င်းစော်[၁၂/ကမန(နိုင်)၀၃၃၃၃၉]ထံမှ ကြိုတွင်ငွေ ကြိုတင်ပေယုဝိုင်ဆိုင်ထားသော အခန်းဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်၏ အမှုသည်ဝိုင် အဆိုပါအခန်းအား ကျွန်ုပ်၏အမှုသည် သဘောတူယိုခြင်း မရှိဘဲ မည်သူမျှထပ်မံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခွင့်ကြီလွှဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် ယွဲ့ပြောင်းခြင်းတို့မပြုလုပ်ရန် သတိပေးထားဖြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရား:ခွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြား:ရှာသောအရာ–
စင်ထရယ်ဦး:ခင်မောင်မြင့်(တရား:ရှုံးရေ့နေ)
LL.B, Dip in Business Law, Advocate.
(ရုံး)၊ အမှတ်–၇(ခ်ီ)၊ ၃၄လမ်း(အောက်)၊
ကျောက်တံတား:မြို့နယ်၊ ရန်ကုန်မြို့။

ပြန်လှန်ကြေညာအပ်ပါသည်

ရုံးကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ဆွာဝင်း၊ မမွှေ၁ရပ်ကွက်၊ ၁၄)နေ ဦးအမာနှင်းလွှာ(ခ)ဦးစောကာ တစ်ဖက်နှင့် ယင်းရပ်ကွက်၊ သခိုးစရပ်လမ်းသွယ်၊ ကျိုးကပ်လမ်း၊ အမှတ်–၂၄၆ မြေရှင် ဦးမောင်ကလေးအား:ဆက်ခံသူ ဦးခင်မောင်နှင် ဦးဘာသုကြီးတို့က တစ်ဖက်တို့သည် ၁၅–၄–၁၇နေ့ ခွဲပါ (၇)ဆယ်တိုက်ဆောင်ကုန်ရန် ရေနံမြေးစာချုပ်ချုပ်ဆိုပြီး ပေးသင့်မေးဆိုက်သော အလိုက်ငွေများ မြေရှင်ထံမေးခဲ့ခြင်း ဦးခင်မောင်အား ရုံးကုန်းတိုင်းတရား:ရုံး၏ တ/ဝေမှုအမှတ် ၁၂၀/၁၀၆၆ အမွေဆိုင် းလက်မှတ်စာ (LA) လျှောက်ထား မေးခဲ့ခြင်း၊ တိုက်ဆောက်ရန် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရာ ရွေကြေးများစွာကုန်ကျခဲ့ခြင်း၊ မြေအမည်ပေါက်ရန်သာကျန်တော့ခြင်း၊ ပြန့်လည်ရပ်ဝန်းမိုးခြင်းရှိသော အနေအထိုင်ကို ကြည့်ရှုပြီးတော့ ဦးခင်မောင်နှင်မ

မြေကွက်၏ဈာရာဂင်ပိုင်ရှင်ကို ကြေညာခြင်း

ကျွန်ုပ်၏အမည်သည် ဒေါ်စိန်ဖြူ(၁၃/တကန(နိုင်)၀၁၂၅၃)၏ လွှဲအပ်ခွန်ကြွေးချက်အရ ဈာရာဂင်ပိုင်ဥစ္စာ ဖြစ်သော ကြေးမုံမြို့နယ်၊ ကြေးမုံမြို့သာ/ တောကလုံး(နိုင်)၀၁၂၅၃၂

ပြည်ထောင်စုမြန်မာနိုင်ငံအဖို့ ကျစ်လျစ်စည်းလုံး တည်တံ့ခိုင်မြဲရေးသည် အရေးကြီးဆုံးအချက်ဖြစ်

အရေးကြီးလျှင် သွေးစည်းကြပြီး နိုင်ငံတော်အပေါ် ကျရောက်မည့် ဘေးအန္တရာယ်မှန်သမျှ တွန်းလှန်ကာကွယ်

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် အခိုန်အခါကောင်း၊ အခွင့်အလမ်းကောင်းကို လက်မလွတ်စတမ်းဆုပ်ကိုင်

နိုင်ငံတော်၏ ဦးဆောင်မှုအရှိန်အဟုန်နောက်တွင် တညီတညွတ်တည်း အင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက်

ပြည်ထောင်စု ကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၃) ပထမနေ့ နံနက်ပိုင်း သဘာပတိ ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှာစကားပြောကြား�စဉ်။(သတင်းစဉ်)



ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့အစည်းအဝေးကို နိုဝင်ဘာ ၁၉ရက် နံနက် ၈ နာရီတွင် မော်ဘီဖြို့နယ်ရှိ ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကို ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့မှ ပြည်ထောင်စု ကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ကျောင်းသူများက ပြည်ထောင်စု ကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်တေးသီချင်းများဖြစ်သည့် "ပြည်မြန်မာ"သီချင်းနှင့် "ရာသက်ပန် ပြည်ထောင်စု" သီချင်းတို့ကို စုပေါင်းသီဆိုကြပြီး ပြည်ထောင်စုကြီးမိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃)ကို စတင်ဖွင့်လှစ်လိုက်သည်။

စတင်ကျင်းပ

ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့အစည်းအဝေး နံနက်ပိုင်းတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အက်စ်တာလိန်းအွေကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းယုယုဆွေကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေ့ဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြီးမိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃) ပထမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ဆောင်ကြီး–ကျိုင်းတုံလမ်း နှာခမ်းလွှဲအနီး တည်ဆောက်ထားသည့် ရုမ်းပြည်နယ်(အရှေ့ပိုင်း) ဧသေ၏ ကျိုင်းတုံဒီဂရီကောလိပ်သည် ရပ်ဆေးရုပ်နီးဒေသနေ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရွှာမှီးဆည်းပူးရာ ကျောင်းဆောင်ကြီးဖြစ်သည်။

ဓာတ်ပုံ–ဌေးအောင် (ကြေးမုံ)

အရည်အချင်းမြင့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်နေသည့် ကျိုင်းတုံဒီဂရီကောလိပ်

သတင်းဆောင်းပါး–သိန်းဝင်းလတ်၊ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၂၂

ယနေ့လူသားများရပ်တည်နေထိုင်နေသော ကမ္ဘာကြီးသည် ရေးယခင် ကမ္ဘာဦးအစမှ ယနေ့တိုင် လူသားတို့၏ တိုးတက်တီထွင်ဖန်တီးနိုင်မှုစွမ်းပကားများကြောင့် ခေတ်တစ်ခုမှတစ်ခုသို့ တဖြည်းဖြည်း ကူးပြောင်းလာခဲ့ရာ ယနေ့မျက်မှောက်ကာလ ကွန်ပျူတာခေတ် (Age of Computer) တစ်နည်းအားဖြင့် သတင်းအချက်အလက်နည်းပညာခေတ် (Age of Information Technology)ဟု ဆိုစမှတ်ပြုခဲ့ကြရုံဖြင့်ဖြစ်သည်။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသော လူစွမ်းအား အရင်းအမြစ်များ ဖန်တီးနိုင်ရန် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ရေးဆွဲချမှတ် အကောင်အထည်ဖော်နေသည်။ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ကြီးမားသောတိုးတက်ဖြစ်ပေါ်မှုများ ရှိခဲ့သည်။ အရှိန်အဟုန်နှင့် မြင့်တင်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ယခင် ကျိုင်းတုံကောလိပ်၊ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**